# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၉၃)၊ ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်၊ ၁၈–၆–၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ (၄)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားများကျင်းပ



**နေပြည်တော် ဇွန် ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ (၄)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားများကို ယနေ့နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ၂၀၂၁ ခုနှစ် ဇွန် ၁၇ ရက်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ယနေ့ဆိုလျှင် ဝန်ကြီးဌာန (၄)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်၏ရည်မှန်းချက်များ ပြည့်မီစေရေး၊ ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို အဓိကထား တာဝန်ယူဆောင်ရွက်ရသည့်အတွက် ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သမဝါယမအသင်းများဖွဲ့စည်း၍ စိုက်ပျိုးမွေးမြူရေး အခြေခံကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာန၏ (၄)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့မှသည် ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များနှင့်အညီ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆတက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ဘွဲ့၊ တံဆိပ်ရရှိသူများ၊ စပါးအထွက်တိုးဆု၊ ကျေးလက်ဖွံ့ဖြိုးရေးဘက်စုံထူးချွန်ဆု၊ ဌာန၏လုပ်ငန်းစဉ်များအပေါ် အကောင်းဆုံးအကောင်အထည်ဖော်နိုင်မှုဆု၊ ကျေးလက်လမ်း၊ တံတားများ အရည်အသွေးပြည့်မီပြီး အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်နိုင်မှုဆုနှင့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော ကျေးရွာဆုရရှိကြသူများအား ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှင့် အခြားဝန်ကြီးဌာနများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ဝန်ထမ်းများအတွက် ဂျာကင်နှင့် တူညီဝတ်စုံများ၊ ဝန်ထမ်းသားသမီးများအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံစသည့် စာရေးကိရိယာများ၊ ကံစမ်းမဲပေါက်သော ဝန်ထမ်းများအတွက် ပစ္စည်းများကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများ၊ တူညီဝတ်စုံများ၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ၊ ကံစမ်းမဲပေါက်သူများကို ဆုများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၇**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက် ၂ ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မိုး/ဧလ**

၂၀၂၅ ခုနှစ် ၊ ဇွန် ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့။

# ရုပ်ရှင်မြို့တော်စီမံကိန်းကို ဆောင်ရွက်လျက်ရှိ

ရုပ်ရှင်မြို့တော်စီမံကိန်းကို စတင်ဆောင်ရွက်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် တရားဝင်လုပ်ကိုင်ခွင့်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ရုပ်ရှင်မြို့တော်စီမံကိန်းသည် ရုပ်ရှင်လောကသားများအတွက်သာမက နိုင်ငံတော်နှင့်ပြည်သူများအတွက်ပါ အရေးပါသည်ဟု ပြောကြားလိုပါကြောင်း၊ အဆိုပါစီမံကိန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် အစည်းအရုံး၏ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်နည်းလမ်း၊ နိုင်ငံတော်မှလိုအပ်သည့် ရင်းနှီးမတည်ငွေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ချေးယူဆောင်ရွက်သည့်နည်းလမ်းနှင့် Public- Private -Partnership နည်းလမ်းဆိုသည့် နည်းလမ်းသုံးခုအနက် သင့်လျော်ရာနည်းလမ်းဖြင့် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း က ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဆောင်ရွက်နေသည့် ရုပ်ရှင်မြို့တော်စီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီ စပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်စဉ် ပြောကြားခဲ့သည်။

ယခုစီမံကိန်းအောင်မြင်ပါက ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းများကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်သာ ဆောင်ရွက်ကြရမည်ဖြစ်သဖြင့် အနုပညာရှင်များအတွက် များစွာအဆင်ပြေလွယ်ကူမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားခဲ့သော ရုပ်ရှင်ပြသခြင်းလုပ်ငန်းများကို ပြန်လည်ရှင်သန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယခုအချိန်တွင် ပုံမှန်အခြေအနေသို့ရောက်ရှိပြီး ရုပ်ရှင်လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရုပ်ရှင်နှင့်ပတ်သက်သည့် အခြေခံအဆောက်အအုံများကို ဦးစွာဆောက်လုပ်ရန်နှင့် အခြားအပန်းဖြေလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ခဲ့ပါက မူလရည်ရွယ်ချက်များနှင့် လွဲချော်မှုဖြစ်သွားနိုင်သဖြင့် ဂရုပြုဆောင်ရွက်ပေးစေလိုပါကြောင်း၊ ယခုစီမံကိန်းလုပ်ငန်း အောင်မြင်စေရေးအတွက် အနုပညာရှင်များအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုကြောင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း က နိုင်ငံတော်အကြီးအကဲအနေဖြင့် မိုးရာသီရောက်ရှိပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တစ်နိုင်ငံလုံးတွင် ဒေသအလိုက် သင့်လျော်မည့် အပင်များကို စိုက်ပျိုးရမည်ဟု လမ်းညွှန်ထားပါကြောင်း။ ယခု ရုပ်ရှင်မြို့တော်စီမံကိန်းတွင် အပင် ၆၀၀ ခန့် စိုက်ပျိုးမည်ဖြစ်သဖြင့် အင်မတန်ကောင်းမွန်ပါကြောင်း။ ရုပ်ရှင်အနုပညာရှင်များအနေဖြင့် နိုင်ငံတော်တွင် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ပြည်သူလူထုအတွက် တတ်နိုင်သမျှ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့သည်ကို တွေ့ရှိခဲ့ရသဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တက်ရောက်လာသည့် အနုပညာရှင်များ၊ ဝန်ထမ်းများနှင့်အတူ သတ်မှတ်နေရာများတွင် သစ်ပင်များ စိုက်ပျိုးပေးခဲ့ကြသည်။

ရုပ်ရှင်အနုပညာလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံအတွက် အလေးထားဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သဖြင့် ရုပ်ရှင်ဇာတ်ကားများ အဆင့်မြင့်စွာ ရိုက်ကူးထုတ်လုပ်ရေးနှင့် ရုပ်ရှင်ရုံများတွင် စနစ်တကျပြသနိုင်ရေးအတွက်လည်း မဖြစ်မနေကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်ရပ်ကွက်၊ လမ်း ၉၀နှင့် လမ်း ၃၀ ထောင့်၊ ကျောက်ဆစ်မီးသတ်အနီးနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ၁၂၀လမ်း၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ သင်ပန်းကုန်းရပ်ကွက်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇွန် ၁၈ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ ၈၉လမ်း၊ ၃၆ လမ်းထောင့်နှင့် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၊ ဧရာဝတီကမ်းနားလမ်း၊ ဇွန် ၁၉ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ ဧရာထွန်း(၁)၊ (ဆ)ရပ်ကွက်၊ အောင်သိဒ္ဓိမွှာရုံရှေ့တွင်လည်းကောင်း၊ ဇွန် ၂၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ညရပ်ကွက်၊ ၅၉ လမ်းနှင့် ၁၄၀လမ်းထောင့်တို့တွင်လည်းကောင်း၊ ဇွန် ၂၁ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ၃၈လမ်း၊ လမ်း၆၀နှင့် ၆၂လမ်းကြား၊ တံမြက်စည်းစုရပ်ကွက်နှင့် အမရပူရမြို့နယ်၊ ဖျောက်ဆိတ်ကုန်းရပ်ကွက်၊ စွယ်တော်ဘုရားမြောက်ဘက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်–၆)

# မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သည့် သင်တန်းများ သင်တန်းဆင်းပွဲ ကျင်းပ



**မန္တလေး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သည့် သစ်သီးမျိုးစုံ ယိုထိုးနည်း သင်တန်း အမှတ်စဉ် (၁/၂၀၂၅)နှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း အမှတ်စဉ် (၂/၂၀၂၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက (မန္တလေး) လူငယ်သင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇာနည်မောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး၊ အိမ်တွင်းလျှပ်စစ်သင်တန်းတွင် ထူးချွန်ဆုရရှိသည့် သင်တန်းသား နှစ်ဦးအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် သစ်သီးမျိုးစုံ ယိုထိုးနည်း သင်တန်းနှင့် အိမ်တွင်းလျှပ်စစ် သင်တန်းတို့တွင် တက်ရောက်ခဲ့ကြသော သင်တန်းသား၊ သင်တန်းသူများအား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ၊ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြား၍ အမှတ်တရ စုပေါင်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။ (အပေါ်ပုံ)

အဆိုပါ သင်တန်းဆင်းပွဲသို့ ကော်မတီ အတွင်းရေးမှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇာနည်မောင်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လှိုင်ထွန်း၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ဆွေဦး၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ ဒေါ်မီမီစိုး၊ မန္တလေး လူငယ်သင်တန်းကျောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်းနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး၊ သစ်သီးမျိုးစုံ ယိုထိုးနည်း သင်တန်းကို ၁၀ ရက်၊ အိမ်တွင်းလျှပ်စစ် သွယ်တန်းတပ်ဆင်ခြင်း သင်တန်းအားတစ်လကြာ စာတွေ့၊ လက်တွေ့ဖြင့် သင်ကြားပို့ချပေးခဲ့ကြောင်းသိရသည်။(၀၉၅)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂–၂၈၄၇၃၉၈၊ ၀၂–၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax–၀၂–၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုနေမှု လှည့်လည်ကြည့်ရှုအားပေး



နေပြည်တော် ဇွန် ၁၇

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ (ယာပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသားကျောင်းသူများ၊ လိုက်ပါပို့ဆောင်ပေးကြသည့် ကျောင်းသားမိဘများနှင့် အုပ်ထိန်းသူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး တာဝန်ကျစာမေးပွဲကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဆရာ ဆရာမများက စာဖြေသူများ လိုက်နာရန် စာမေးပွဲစည်းမျဉ်း စည်းကမ်းများကို ဖတ်ကြားရှင်းပြခြင်း၊ ခုံအမှတ်မှန်ကန်မှု စစ်ဆေးခြင်း၊ မေးခွန်းစာမျက်နှာ စုံလင်မှုစစ်ဆေးခြင်းတို့ ဆောင်ရွက်နေမှုနှင့်ကျောင်းသားကျောင်းသူများစိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုကို ကြည့်ရှုအားပေး၍ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့ကျင်းပသည့် စာမေးပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စာစစ်ဌာန စုစုပေါင်း ၄၇ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၁၂၅၃၁ ဦး စာရင်းပေးသွင်းကြပြီး အင်္ဂလိပ်စာ ဘာသာရပ်ကို ၁၂၄၀၆ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၀ ရာခိုင်နှုန်း ဖြေဆိုကြသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ ၂၉ ခရိုင်၊ ၅၈ မြို့နယ်တို့၌ စာစစ်ဌာန စုစုပေါင်း ၁၉၅ ခုတို့တွင် စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၆၃၆၇၃ ဦး စာရင်းပေးသွင်းကြပြီး ၆၂၈၀၀ ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၃ ရာခိုင်နှုန်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် Grade 12 ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို

နေပြည်တော် ဇွန် ၁၇

နေပြည်တော်ကောင်စီ နယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများသည် စာမေးပွဲပထမနေ့ ဇွန် ၁၆ ရက်မှစတင်၍ သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ စာစစ်ဌာန ၁၉၅ ခု၌ ဝင်ရောက်ဖြေဆိုလျက်ရှိရာ ယနေ့ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကိုဝင်ရောက်ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူ ၆၂၈၀၀ (ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၃ ရာခိုင်နှုန်း) ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် လိုက်ပါပို့ဆောင်ပေးကြသည့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး စကားပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။



စဉ့်ကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (စဉ့်ကိုင်) ၌ ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူများ ဖြေဆိုနေမှုကို တွေ့ရစဉ်။



မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း၌ ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာဖြေဆိုနိုင်သည့် မြင်ကွင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲများ ဖြေဆိုနိုင်ရန် ဧပြီ ၂၈ ရက်မှစတင်ကာ သတ်မှတ်ထားသည့် မြို့နယ်များရှိ ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်း(Camp) များ ဖွင့်လှစ်၍ လေ့ကျင့် သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက်လည်း မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြား လိုအပ်သည်များကို စနစ်တကျ စီမံဆောင်ရွက် ထားရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အခြေခံပညာဦးစီးဌာန
## ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ
## (စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်) စာရင်း

မြန်မာစာဘာသာရပ် ရက်စွဲ။ ၁၆ - ၆ - ၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၁ | ၅၃၀၃ | ၈၅၈၄ | ၅၆ | ၅၆ | ၁၁၂ | ၉၈.၇၁% | ၁.၂၉% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၃၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၇ | ၄၉၆၈ | ၈၀၄၅ | ၆၁ | ၉၉ | ၁၆၀ | ၉၈.၀၅% | ၁.၉၅% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၄၀၀ | ၁၉၃၈၈ | ၃၃၇၈၈ | ၂၅၈ | ၁၉၅ | ၄၅၃ | ၉၈.၆၈% | ၁.၃၂% | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၄ | ၇၀၀၃ | ၁၂၄၀၇ | ၆၄ | ၆၀ | ၁၂၄ | ၉၉.၀၁% | ၀.၉၉% | |
| | စုစုပေါင်း | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၆၂ | ၃၆၆၆၂ | ၆၂၈၂၄ | ၄၃၉ | ၄၁၀ | ၈၄၉ | ၉၈.၆၇% | ၁.၃၃% | |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ရတနာပုံရေကူးကန်ဝင်း၌ ဆောက်လုပ်ထားသည့် ယာယီအိမ်ရာအဆောက်အအုံများ လွှဲပြောင်းအပ်နှံခြင်း အခမ်းအနားသို့တက်ရောက်






**မန္တလေး ဇွန် ၁၇**

မန္တလေးမြို့၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်ရှိ ရတနာပုံရေကူးကန်ဝင်း၌ ဆောက်လုပ်ထားသည့် ယာယီအိမ်ရာအဆောက်အအုံများ လှူဒါန်းလွှဲပြောင်းအပ်နှံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါနေရာ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ Mega Thirty Nine Development Co.,Ltd မှ တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှအရာထမ်း၊အမှုထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် တိုင်းဒေသကြီးအတွင်း မြို့နယ်များအလိုက် ပျက်စီးဆုံးရှုံးခဲ့သည့် အဆောက်အအုံများ၊ နေအိမ်များအား ပြည်တွင်း၊ ပြည်ပအလှူရှင်များ၊ ဌာနဆိုင်ရာများ ပိုင်းဝန်းပူးပေါင်းကာ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုအရှိန်အဟုန်မပျက် ဆောင်ရွက်နေပါကြောင်း၊ ယခုလို ဆောက်လုပ်လှူဒါန်းထောက်ပံ့ပေးမှုအပေါ် အလှူရှင်များကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် Mega Thirty Nine Development Co.,Ltd မှ တာဝန်ရှိသူတစ်ဦးက ယာယီအိမ်ရာအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးကျော်ဆန်းထံသို့ ယာယီအိမ်ရာအဆောက်အအုံနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို Mega Thirty Nine Development Co.,Ltd မှ တာဝန်ရှိသူတစ်ဦးက လွှဲပြောင်းအပ်နှံပြီး နောက်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆောက်အအုံများကို လိုက်လံကြည့်ရှုခဲ့သည်။





ယနေ့ဆောက်လုပ်လှူဒါန်း ထောက်ပံ့ပေးအပ်မှုတွင် ၁၅ပေနှင့် ၁၀ပေရှိ အခန်း(၅)ခန်းပါ အဆောင်တစ်ဆောင်လျှင်ငွေကျပ် သိန်း ၁၂၀ နှုန်းဖြင့် အဆောင် ၃၀လုံး၊ ယာယီအိမ်သာ တစ်လုံးလျှင်ငွေကျပ် ၂၄ သိန်းနှုန်းဖြင့် အလုံး ၂၀၊ တစ်ရက်လျှင် လီတာ ၅၀ ကျ ငွေကျပ် သိန်း ၂၀၀ တန်ဖိုးရှိ ရေသန့်စက် တစ်လုံး စုစုပေါင်းငွေကျပ် သိန်း ၄၂၈၀ တန်ဖိုးရှိသည့်အပြင် အခြား လှူသုံးကုန်ပစ္စည်းများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**




# ကျောက်ဆည်မြို့နယ်တွင် ချည်မျှင်ရှည်ဝါသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေးဆွေးနွေးပွဲ ပြုလုပ်

**ကျောက်ဆည် ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ကင်းကျေးရွာတွင် ယနေ့နံနက် ၁၁ နာရီက ချည်မျှင်ရှည်ဝါသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေး ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန် တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။



ထို့နောက် ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ရီရီဌေးက ဝါသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ချိန်မှန်စိုက်ပျိုးခြင်း၊ ထယ်ရေးနက်နက်၊ ထွန်ရေးညက်ညက်မြေပြုပြင်ခြင်း၊ တစ်ဧကသတ်မှတ်အပင်ရေ ပြည့်မီအောင် စိုက်ပျိုးရေး၊ မြေပြုပြင်စဉ် သွင်းအားစုများ စနစ်တကျထည့်သွင်းအသုံးပြုခြင်း၊ အပင်သားခွဲခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ အစိုဓာတ်မပြတ်ဆောင်ရွက်ခြင်း၊ လိုအပ်သည့် အချိန်များတွင် ပိုးသတ်ဆေးဖျန်းခြင်းအကြောင်းများကိုလည်းကောင်း၊ မြေအသုံးချရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မို့မို့စိုးက မြေအမျိုးအစားများအကြောင်းနှင့် စိုက်ပျိုးရာသီ၌ အစိုဓာတ်အမီစိုက်ပျိုးရေး၊ မျိုးစေ့မှန်ကန်ရေးအကြောင်းများကို အသီးသီးဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ဝါစိုက်တောင်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးက မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး ဝါသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်)မှ ရွှေတောင်(၈)ဝါမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တောင်သူနည်းပညာပေး ဆွေးနွေးပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးဦးမြင့်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့်ရေ အသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဝါစိုက်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် ပြန်လည်ကျင်းပစစ်ဆေးသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (Grade-12)ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဝင်ရောက်ဖြေဆိုနေမှုများအားလိုက်လံကြည့်ရှု

**မန္တလေး ဇွန် ၁၇**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(Grade-12) ပြန်လည်ကျင်းပစစ်ဆေးခြင်းများကို သက်ဆိုင်ရာစာစစ်ဌာနများတွင် ဇွန် ၁၆ ရက်မှ စတင်ကျင်းပလျက်ရှိပြီး ဇွန် ၁၇ ရက် ဒုတိယနေ့၌ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဖြေဆိုလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများလိုက်ပါပြီး ကျောက်ဆည်ခရိုင်အတွင်း သတ်မှတ်စာဖြေဌာနများ၌ ကျောင်းသား၊ ကျောင်းသူများ ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

ထိုသို့ လိုက်လံကြည့်ရှုရာတွင် ကျောက်ဆည်မြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနများသို့ ရောက်ရှိပြီး စာဖြေခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် ကျောက်ဆည်မြို့ ဘောဂဝတီရပ်ကွက်၊ မင်းရဲဆည်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများဖြင့် ရေဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်သရုပ်ပြလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြစ်သားမြို့နယ်၊ ကူမဲမြို့အခြေခံပညာအထက်တန်းကျောင်း(သာလွန်)စာစစ်ဌာနသို့ ရောက်ရှိပြီး စာဖြေခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်

စာမျက်နှာ ၆ သို့ ❖
































❖ စာမျက်နှာ ၅ မှ

များကို တာဝန်ရှိသူများအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ငှင်းနောက် ကူမဲမြို့ အခြေခံပညာအထက်တန်းကျောင်း(ကူမဲ) တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများဖြင့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက် သရုပ်ပြလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ စဥ့်ကိုင်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ပလိပ်)စာစစ်ဌာနရှိ စာဖြေခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဖြေဆိုနေမှုများကိုလည်းကောင်း၊ (၁၆)ခုတင်ဆံ့တိုက်နယ်ပြည်သူ့ဆေးရုံ(ပလိပ်)သီးသန့်စာဖြေခန်း၌ ငလျင်ဒဏ်ကြောင့် ခန္ဓာကိုယ်အောက်ပိုင်းထိခိုက်နေသူကျောင်းသားတစ်ဦးစာမေးပွဲဖြေဆိုနေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့်တာဝန်ရှိသူများသည် မြင်းခြံခရိုင်အတွင်းရှိ သတ်မှတ်စာစစ်ဌာနများသို့ သွားရောက်ပြီး စာဖြေခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှု၍ တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအနေဖြင့် မြို့နယ် ၂၅ ခုတွင် စာစစ်ဌာန ၁၀၁ ခု ဖွင့်လှစ်ထားပြီး ယနေ့အင်္ဂလိပ်စာဘာသာရပ်တွင် ဝင်ရောက်ဖြေဆိုသူ ၃၃၇၆၈ ဦး (ဖြေဆိုသည့် ရာခိုင်နှုန်း ၉၈ ဒသမ ၆၂ ရာခိုင်နှုန်း)ရှိခဲ့သည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀













## မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၆၉၅၃ ဧက စိုက်ပျိုးမည်

**ကျွန်းလှ ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ၂၀၂၅ - ၂၀၂၆ ခုနှစ်၊ မိုး သီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၆၉၅၃ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပဲမျိုးစုံစိုက်ပျိုးဖို့ ၁၆၉၅၃ ဧက လျာထားပါတယ်။ အခု အခါ တောင်သူတွေ မေလက စတင်ပြီး စိုက်ပျိုးနေကြရာ လက်ရှိအချိန်ထိ ၈၁ ဧက စိုက်ပျိုးပြီး ဖြစ်ပါတယ်။ တစ်နှစ်ထက် တစ်နှစ်တိုးချဲ့စိုက်ပျိုးကြပြီး လျာထားချက်ပြည့်မီအောင်နဲ့သီးထပ်သီးညှပ် စိုက်ပျိုးကြဖို့ တောင်သူတွေနဲ့ ဆွေးနွေးလျက်ရှိပါတယ်"ဟု ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ ပဲမျိုးစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့် ရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရန်လျာထားမှုအနေဖြင့် ပဲတီစိမ်း ၅၄၁၂ ဧက၊ ပဲစင်းငုံ ၁၁၅၄၁ ဧက၊ စုစုပေါင်း ၁၆၉၅၃ ဧကဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## စိမ်းကိန်းမိုးကြိုသီးနှံမျိုးစုံ ၅၆၂၆ ဧက စိုက်ပျိုး

**ကျောက်ဆည် ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ဒေသတွင်း စိမ်းကိန်းသီးနှံများ လျာထားချက် ပြည့်မီကျော်လွန်ရေးရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးကြိုရာသီ၌ တိုက်နယ်(၁၂)မှ ကျေးရွာအုပ်စု (၇)အုပ်စုတွင် စိမ်းကိန်းမိုးကြိုသီးနှံမျိုးစုံ ၅၆၂၆ ဧက စိုက်ပျိုးခဲ့ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

တိုက်နယ်(၁၂)တွင် ကျေးရွာအုပ်စုပေါင်း (၇)အုပ်စုပါဝင်ပြီး နွေစပါးစိမ်းကိန်းသီးနှံများကို ဆူးလေကုန်း၊ ပေါက်ပင်ကွေ့၊ မြေစိုမိုး၊ ပဲခင်း၊ ပေါင်လောင်ကျေးရွာအုပ်စုတို့တွင် ၁၈၆ ဧက၊ နှမ်းစိမ်းကိန်းသီးနှံများကို ဆူးလေကုန်း၊ ပေါက်ပင်ကွေ့၊ မြေစိုမိုး၊ ပဲခင်း၊ ပေါင်လောင် ကျေးရွာအုပ်စုများတွင် ၅၃၁၀ ဧက၊ ပဲတီစိမ်းစိမ်းကိန်းသီးနှံများကို ဆူးလေကုန်း ကျေးရွာအုပ်စုတွင် ဧက ၃၀၊ ချည်မျှင်ရှည်ဝါ စိမ်းကိန်းသီးနှံများကို ပေါင်လောင်ကျေးရွာအုပ်စုတွင် ဧက ၁၀၀၊ စုစုပေါင်း ၅၆၂၆ ဧက စိုက်ပျိုးခဲ့သည်။

စိမ်းကိန်းသီးနှံများ လျာထားချက်ပြည့်မီရေးနှင့် အောင်မြင်ဖြစ်ထွန်းရေးအတွက် မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုဦးစီးဌာန၊မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်သက်ဆိုင်ရာဌာနများမှ တောင်သူများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၈၅)

သတင်း စာမျက်နှာ ၂၆


















## တတိယအကြိမ် အာရှထိပ်သီးအစည်းအဝေး တက်ရောက်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင် ကာဇက်စတန်နိုင်ငံသို့ ရောက်ရှိလာ



**ပေကျင်း ဇွန် ၁၇**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် တတိယအကြိမ် တရုတ်-အလယ်အာရှထိပ်သီးအစည်းအဝေး တက်ရောက်ရန် ဇွန် ၁၆ ရက်က ကာဇက်စတန်နိုင်ငံသို့ ရောက်ရှိလာကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုထိပ်သီးအစည်းအဝေးကို ဇွန်၁၇ရက်တွင် ကာဇက်စတန်နိုင်ငံ၏ မြို့တော်အာစတာနာတွင် ကျင်းပသည်။

ကမ္ဘာ့အာဏာဖလှယ်မှုများ ပြောင်းလဲလာသည့်အချိန်နှင့် အနီးအနားရှိ အီရန်နိုင်ငံတွင် အစ္စရေးနှင့် ပဋိပက္ခမြင့်တက်လာမှုကြောင့် တရုတ်နိုင်ငံအနေဖြင့် အလယ်အာရှနိုင်ငံများသို့ ဆက်သွယ်မှုများ တိုးမြှင့်လာသည့် အချိန်တွင်တရုတ်-အလယ်အာရှထိပ်သီးအစည်းအဝေး ကျင်းပခြင်းဖြစ်သည်။

ယင်းထိပ်သီးအစည်းအဝေးသို့ အလယ်အာရှနိုင်ငံ ၅ နိုင်ငံဖြစ်သည့် ကာဇက်စတန်၊ ချီဂျစ်စတန်၊ တာဂျစ်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်နှင့် ဥဇဘက်ကစ္စတန်တို့၏ နိုင်ငံခေါင်းဆောင်များနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ တက်ရောက်ကြသည်။

အလယ်အာရှနိုင်ငံ ၅ နိုင်ငံအနက် တစ်နိုင်ငံတည်းအဖြစ် အခြားနိုင်ငံခေါင်းဆောင်နှင့်အတူ ဒေသတွင်း၌ အာစတာနာထိပ်သီးအစည်းအဝေးသို့ တရုတ်သမ္မတရှီကျင့်ဖျင် တက်ရောက်ခြင်း သည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0



## အီရန်နိုင်ငံရှိ အရပ်ဘက်ပစ်မှတ်များကို အစ္စရေးတိုက်ခိုက် ဆေးရုံနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြားအဆောက်အအုံ ထိမှန်ခဲ့

**ဂျေရုဆလင် ဇွန် ၁၇**

အစ္စရေးသည် အီရန်နိုင်ငံရှိ အရပ်ဘက်ပစ်မှတ်များကို ယမန်နေ့က တိုက်ခိုက်ခဲ့ပြီး ဆေးရုံတစ်ရုံနှင့် အီရန်နိုင်ငံပိုင် ရုပ်မြင်သံကြားအဆောက်အအုံတို့ကို ထိမှန်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

နိုင်ငံနှစ်နိုင်ငံအကြား ပြင်းထန်သောတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားနေသည့် လေးရက်တာအတွင်း ရှည်လျားသည့် ရန်ငြိုးဖွဲ့မှုရှိခဲ့သည့် ဤနိုင်ငံနှစ်နိုင်ငံကြား စစ်ရေးတင်းမာမှုများ အဆုံးသတ်ရန် လက္ခဏာမပေါ်သေးကြောင်း နောက်ဆုံးသတင်းများတွင် တွေ့ရသည်။

ဇွန်၁၆ရက် ညနေခင်းပိုင်းက ထိုတိုက်ခိုက်မှုများအပြီးတွင် အီရန်ဘက်က အစ္စရေးနိုင်ငံရှိ တဲလ်အဗစ်နှင့် ဟိုင်ဖာမြို့များကို ပစ်မှတ်ထားပြီး ဒရုန်းနှင့် ဒုံးလက်နက်များဖြင့် တုံ့ပြန်တိုက်ခိုက်ခဲ့သည်။

အီရန်ဒုံးကျည်တစ်စင်းထိမှန်ခဲ့ပြီးနောက် ဟိုင်ဖာမြို့ရှိ ရေနံချက်စက်ရုံများနှင့် လုပ်ငန်းခွဲများအားလုံး ပိတ်သိမ်းခဲ့ပြီး တိုက်ခိုက်မှုတွင် သုံးဦးသေဆုံးခဲ့ကြောင်း အစ္စရေးအခြေစိုက် ဘာဇန်ရေနံချက်စက်ရုံက အတည်ပြုသည်။

အီရန်ရုပ်မြင်သံကြားဌာန၏ တိုက်ရိုက်ထုတ်လွှင့်မှုတွင် လူသိအများဆုံး အစီအစဉ်တင်ဆက်သူက ဒုံးကျည်တစ်စင်းဝင်ရောက်လာနေပြီဟု ပြောနေစဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး အပိုင်းအစများ လွင့်စင်သွားခဲ့ကြောင်း သိရသည်။ Mon

## ဂျီဆဲဗင်း ထိပ်သီးအစည်းအဝေး ကနေဒါနိုင်ငံတွင် ကျင်းပ ကုန်သွယ်ရေးအကျပ်အတည်းမှ ရုန်းထွက်ရန် ကြိုးပမ်းမည်

**အော့တဝါ ဇွန် ၁၇**

ကမ္ဘာ့ခေါင်းဆောင်များသည် ယခုအပတ်အတွင်း ကနေဒါနိုင်ငံတွင် ကျင်းပသည့် ဂျီဆဲဗင်းထိပ်သီးအစည်းအဝေး၌ စုဝေးခဲ့ပြီး အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်ကြောင့် ဖြစ်ပေါ်နေသော ကုန်သွယ်ရေးအကျပ်အတည်းမှ ရုန်းထွက်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။



ဂျီဆဲဗင်းအုပ်စုတွင် ပါဝင်သည့် နိုင်ငံအများစုသည် ထရမ့်၏ ၁၀ ရာခိုင်နှုန်းအခြေခံ အကောက်ခွန်နှင့် ရင်ဆိုင်နေရပြီး နောက်ထပ်အကောက်ခွန်များ ကျပ်တည်းလာနိုင်သည့် စိန်ခေါ်မှုများလည်း ရှိနေသည်။

ကုန်သွယ်ရေးသည် ကျင်းပမည့် ဤထိပ်သီးအစည်းအဝေး၏'အဓိကအချက်' ဖြစ်လိမ့်မည်ဟု အစည်းအဝေးအိမ်ရှင် ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနီနှင့် တွေ့ဆုံရန် ရောက်ရှိလာသော ထရမ့်ကပြောကြားခဲ့သည်။

ကုန်သွယ်ရေးပြဿနာသည် ကနေဒါအတွက် အထူးအရေးပါသည့် အကြောင်းအရာ ဖြစ်လာခဲ့ရခြင်းအကြောင်းမှာ ထရမ့်အုပ်ချုပ်ရေးအဖွဲ့က မကြာသေးမီလများအတွင်း ကနေဒါထုတ်ကုန်များအပေါ် အပိုအကောက်ခွန်များ သတ်မှတ်မည်ဟု ကြေညာခဲ့သောကြောင့် ဖြစ်သည်။

မက္ကဆီကိုသမ္မတ ကလော်ဒီယာရှိန်ဘောင်းကို ထိပ်သီးအစည်းအဝေးသို့ ဖိတ်ကြားခဲ့ရာ ၎င်းအနေဖြင့်ကနေဒါပါဝင်သည့် မြောက်အမေရိက လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို ပြန်လည်ညှိနှိုင်းရန် ကြိုးပမ်းနေစဉ် သမ္မတထရမ့်နှင့် သီးခြားတွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0




## အလိုအလျောက်မောင်းနှင်နိုင်သည့် ယာဉ်အမြောက်အမြားကို စင်ကာပူနိုင်ငံရှိလမ်းများပေါ်တွင် ငါးနှစ်အတွင်း တွေ့မြင်ရမည်



**စင်ကာပူ ဇွန် ၁၇**

စင်ကာပူနိုင်ငံသားများသည် လမ်းများပေါ်တွင် အလိုအလျောက်မောင်းနှင်နိုင်သည့် ယာဉ်အမြောက်အမြားကို လာမည့် ငါးနှစ်အတွင်း တွေ့မြင်ရမည်ဟု ယာယီသယ်ယူပို့ဆောင်ရေးဝန်ကြီး ဂျက်ဖရီဆီယောကထုတ်ဖော်ပြောကြား လိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အလိုအလျောက် မောင်းနှင်နိုင်သည့် ယာဉ်များအတွက် တကမ္ဘာလုံးကို ကြီးမားသော တွန်းအားရှိလာမည်ဖြစ်ကြောင်း၊ ၎င်းသည် လူထောက်ပံ့သယ်ယူပို့ဆောင်ရေးအတွက် အခြေအနေ ပြောင်းလဲစေနိုင်သည့် အလားအလာရှိကြောင်း ဇွန် ၁၁ ရက်က ကျင်းပခဲ့သော မီဒီယာတွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် မစ္စတာဆီယောက ရှင်းလင်းပြောကြားသည်။

'ငါးနှစ်အတွင်း စင်ကာပူတွင် အလိုအလျောက် မောင်းနှင်နိုင်သည့် ယာဉ်များစွာကို တွေ့ရမည်ဆိုသည်ကို မိမိသံသယမရှိပါ'ဟုလည်း မေ ၂၃ ရက်နေ့က ယာယီဝန်ကြီးအဖြစ် စတင်တာဝန်ယူခဲ့သည့် မစ္စတာဆီယောက ထပ်လောင်းပြောကြားသည်။

စုပေါင်းအိမ်ရာများတွင် သတ်မှတ်လမ်းကြောင်းများဖြင့် ဝန်ဆောင်မှုများကို စတင်မည်ဖြစ်ပြီး ပထမဦးစွာ လူအများကို သယ်ယူပို့ဆောင်ရေးဆုံမှတ်များသို့ ပို့ဆောင်ပေးမည်ဖြစ်ကာ နောက်ပိုင်းတွင် စိတ်ဝင်စားဖွယ်နေရာများသို့ ပို့ဆောင်ပေးမည်ဟု ၎င်းကပြောကြားခဲ့ကြောင်း သိရသည်။

Mon

STOP AIDS

## လအနည်းငယ်အတွင်း ကမ္ဘာ့အရေးပေါ်အခြေအနေ ၁၃ ခုတွင် အစာရေစာပြတ်လပ်မှု ပိုမိုဆိုးရွားလာမည်ဟု ကုလသမဂ္ဂသတိပေး

**ဝါရှင်တန် ဇွန် ၁၇**

ကုလသမဂ္ဂအစီရင်ခံစာအရ လာမည့်လအနည်းငယ်အတွင်း ကမ္ဘာ့အရေးပေါ်အခြေအနေ ၁၃ ခုတွင် အစာရေစာပြတ်လပ်မှု ပိုမိုဆိုးရွားလာမည်ဖြစ်ပြီး နိုင်ငံငါးနိုင်ငံတွင် အချိန်မီကယ်တင်နိုင်ခြင်းမရှိပါက အငတ်ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့က ဇွန် ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သော ငတ်မွတ်မှုအစီရင်ခံစာတွင် ဆူဒန်၊ ပါလက်စတိုင်း၊ တောင်ဆူဒန်၊ ဟေတီနှင့် မာလီနိုင်ငံများရှိ အငတ်ဘေးအန္တရာယ်အတွက် ပဋိပက္ခ၊ စီးပွားရေးအကျပ်အတည်းများနှင့် ရာသီဥတုဆိုင်ရာ အန္တရာယ်များကို အပြစ်တင်ထားသည်။

လာမည့်လငါးလအတွင်း ဖြစ်ပေါ်လာနိုင်သည့် အစားအစာကပ်ဆိုးများကို ကြိုတင်ခန့်မှန်းထားသည့် အဆိုပါ အစီရင်ခံစာတွင် အကူအညီများ ထိထိရောက်ရောက် ပို့နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် အထောက်အပံ့များ လိုအပ်ကြောင်း ဖော်ပြထားပြီး လုံခြုံရေးအခြေအနေနှင့် ဘဏ္ဍာရေးလိုငွေပြမှုများကြောင့် ထိုအကူအညီများ အဟန့်အတားဖြစ်နေသည်ဟု ထောက်ပြထားသည်။

အဆိုးရွားဆုံးဒဏ်ခံနေရသည့် နိုင်ငံငါးခုရှိ ပြည်သူများသည် အရေးပေါ် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဆောင်ချက်များ ချက်ချင်းမပြုလုပ်ပါက 'လာမည့်လများအတွင်း အစာရေစာပြတ်လပ်မှု၊ အငတ်ဘေးနှင့် သေဆုံးမှုအန္တရာယ်များ'နှင့် ရင်ဆိုင်ရမည်ဟု အဆိုပါ ကုလသမဂ္ဂအဖွဲ့အစည်းများက သတိပေးထားကြောင်း သိရသည်။ Mon



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ဆွမ်းဦးပုညရှင်စေတီ၊ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်နှင့် မဟာစေတီတော်တို့ရှိ သာသနိကအဆောက်အအုံများ၌ အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ဘက်စုံပြန်လည် ပြုပြင်တည်ဆောက်နေမှုများ၊ စစ်ကိုင်းမြို့အတွင်းရှိ စေတီပုထိုးများ၊ ကျောင်းတိုက်များနှင့် သီလရှင်စာသင်တိုက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုများကိုကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်အားပေးဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များ ပေးအပ်သည်။

ယင်းနောက် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်သင့် နေအိမ်အဆောက်အအုံများကို လူအင်အားနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ သကျမိတာသီလရှင်စာသင်တိုက်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများအား အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက် ချမ်းသာကြီးမြတ်စွာဘုရား၌ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးသွားသော ပြတိုက်အတွင်းရှိ ရှေးဟောင်းဆင်းတုတော် ရုပ်ပွားတော်များအား ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်းကျေးရွာရှိ မဟာသကျရုံသီကျောက်တော်ကြီးမြတ်စွာဘုရား၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု၊ ပြာသာဒ်စေတီတော် တတိယပစ္စယံအထက် ကွန်းတောင်လိုဏ်ဂူအတွင်းမှ ထပ်မံတွေ့ရှိရသော ငွေဆင်းတုတော် ၂၁၉ ဆူ၊ ရွှေဆင်းတုတော် ၁၄ ဆူ၊ ဓာတ်တော်ပုလင်းနှင့် ဓာတ်တော်များ၊ စေတီတော်အတွင်းရှိ ရုပ်ပွားတော်မြတ်ကြီးနှင့် စေတီတော်ကြီးအား ပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက်ရှိ ချမ်းသာကြီး မြတ်စွာဘုရားရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးသွားသော သာသနိကအဆောက်အအုံများအား အဖွဲ့အစည်းအသီးသီးက ဖယ်ရှားရှင်းလင်းနေမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်အား ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ပြတိုက်အတွင်းရှိ ရှေးဟောင်းဆင်းတုတော် ရုပ်ပွားတော်များအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက်နှင့် သီရိမာလာအရှေ့ရပ်ကွက်ရှိ အန္တရာယ်ရှိ နေအိမ်အဆောက်အအုံများကို စက်ယန္တရားကြီးများအသုံးပြု၍ ဖြိုချရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း မြို့အဝင် ယာဉ်ကြောများကျပ်တည်းမှု မဖြစ်ပေါ်စေရေးနှင့် သန့်ရှင်းသာယာလှပစေရေး ကြည့်ရှုစစ်ဆေး

**မန္တလေး ဇွန် ၁၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်များနှင့် ဌာနမှူးများ လိုက်ပါကာ ယနေ့ နံနက်ပိုင်းက မြစ်ငယ်-ထုံးဘိုလမ်းဆုံအနီး ရန်-မန်းလမ်းမကြီးပေါ်ရှိ မန္တလေးမြို့အဝင် တိုးဂိတ်သို့ ရောက်ရှိပြီး မြို့အဝင်ယာဉ်ကြောများကျပ်တည်းနေမှု မဖြစ်ပေါ်စေရေးနှင့် သန့်ရှင်းသာယာလှပစေရေးတို့အတွက် မြစ်ငယ်တိုးဂိတ်၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတစ်လျှောက် မြို့တော်စည်ပင်နယ်နိမိတ်အစဖြစ်သည့်(ရန်-မန်း) လမ်းမကြီး(၃၉၂ မိုင် ၄ဖာလုံ) အထိ စက်ယန္တရားအသုံးပြု၍ အရှေ့ဘက်ခြမ်းတွင် (၁၂)ပေ အကျယ် တစ်လမ်းသွားလမ်း၊ အနောက်ဘက်ခြမ်းတွင် စက်ဘီး၊ ဆိုင်ကယ်လမ်းနှင့် တစ်ဖက်လေးလမ်းသွား ပြုလုပ်ရန်အတွက် တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က အဆိုပါ လမ်းပိုင်းတိုးချဲ့ခြင်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးမြို့တော် မြို့အဝင်တိုးဂိတ်ဖြစ်၍ ယခုအခါ အမြန်လမ်းမှ ဝင်ရောက်သည့် ယာဉ်ငယ်များ၊ မူလလမ်းဟောင်း အသုံးပြု ကုန်တင်ယာဉ်ကြီးများနှင့် ယာဉ်ငယ်များ ပေါင်းစပ်ဝင်ရောက်နေသဖြင့် ယခုမြစ်ငယ်တိုးဂိတ်၌ တစ်ဖက် မူလအရှေ့ဘက်ခြမ်း (၅)လမ်းသွား၊ အနောက်ဘက်ခြမ်း(၃)လမ်းသွား ဖြစ်နေခြင်းအား အနောက်ဘက်ခြမ်းတွင် (၄)လမ်းနှင့် စက်ဘီး၊ ဆိုင်ကယ်များအတွက် သီးခြားတစ်လမ်းစီ တိုးချဲ့၍ တည်ဆောက်ရန်အတွက် ပြန်လည်၍ပြုပြင်မှုများ၊ အင်ဂျင်နီယာလုပ်ငန်းများအတွက် တိုင်းတာပုံထုတ်လုပ်ငန်းများ ဆောင်ရွက်ပြီးသည့်အပေါ် လုပ်ငန်းအား စတင်အကောင်အထည်ဖော်ရေးအတွက် ပြုပြင်နေမှုများ၊ မြေဖို့လုပ်ငန်းနှင့် ရေမြောင်းတူးဖော်လုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အခွန်ဌာန ဌာနမှူးက လမ်းဘေး ဝဲ၊ယာ မလွတ်ကင်းသည့် ဈေးဆိုင်များအား ကျူးရှင်းလင်းဖယ်ရှားပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ သန့်ရှင်းရေးဌာန ဌာနမှူးက ရန်-မန်းလမ်းမကြီးတစ်လျှောက် လမ်းဘေး ဝဲ၊ယာ သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူးက စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေး လမ်းဝဲ၊ယာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က မြစ်ငယ်-ထုံးဘို လမ်းဆုံ ပန်းခြံအရှေ့ဘက်ခြမ်းတစ်လျှောက် သတ်မှတ်နေရာအထိ လမ်းလယ်ကျွန်းနှင့် လမ်းဘေး ဝဲ၊ယာရှိ အပင်ကြီးများ အလင်းဖွင့် ရှင်းလင်းပေးရေး၊ ကားကြီးများနှင့် မလွတ်ကင်းသည့် အပင်ကြီးများ၏ သစ်ကိုင်းများအား ရှင်းလင်းပေးရန်နှင့် လမ်းဘေး ဝဲ၊ယာ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းပေးရန်တို့အပြင် မြစ်ငယ်တိုးဂိတ်မှ ရန်-မန်းလမ်းမကြီးတစ်လျှောက် အမရပူရမြို့နယ် မြစ်လောင်းအထိ လုပ်ငန်းခွင်မလွတ် အပင်ကြီးများ ဖယ်ရှားခြင်း၊ လမ်းဘေး ဝဲ၊ယာ အပင်ကြီးများ အလင်းဖွင့် ရှင်းလင်းပေးခြင်း၊ မြစ်လောင်း (၁၂) မိုင်ရှိ တြိဂံပန်းခြံ(၂)ခုနှင့် ထုံးဘို-မြစ်ငယ်လမ်းဆုံထိပ်ရှိ ပန်းခြံတို့ကို ပန်းအလှပင်များ ပြန်လည်စိုက်ပျိုးပြုပြင်ပေးရန်နှင့် လမ်းလယ် ကျွန်းတည်ဆောက်ပြီး စက္ကူပန်းပင်များ ပုံသွင်းပေးရန် အဆိုပါပန်းခြံ(၃)ခုအား ဆေးသုတ်မွမ်းမံပေးရန်၊ လမ်းလယ်ကျွန်းအသစ် ပြုလုပ်ပြီး တိုးဂိတ်တွင်ရှိသည့် အလှပန်းအိုး(၃၅)အိုးကို အပွင့်ပါသည့် ပန်းအလှပင်များဖြင့် ပြင်ဆင်ပြောင်းလဲစိုက်ပျိုးပေးရန်နှင့် ပန်းအိုးများ ဆေးသုတ်ပေးရန်နှင့် လမ်းနဘေးခြံဝင်းကြီးများအား ဆေးသုတ်မွမ်းမံပေးရန်၊ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်း လမ်းပိုင်းတိုးချဲ့ တည်ဆောက်ရန် လမ်းလယ်ကျွန်းများရှိ မြေ၊ သဲ၊ အပင်များ ရှင်းလင်းပြီး မြက်ခင်းနှင့် ပန်းအလှပင်များ လှပစွာ စိုက်ပျိုးရေးကိစ္စရပ်များကို ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။



(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ-ဝ




## ဂျက်ဂရီးလစ်ရှ်အား လျှော့ဈေးဖြင့် မန်ချက်စတာစီးတီးအသင်း ရောင်းချသွားမည်



**မန်ချက်စတာ ဇွန် ၁၇**

မန်ချက်စတာစီးတီးအသင်းသည် ပြီးခဲ့သည့် ၂၀၂၁ခုနှစ်က စတာလင်ပေါင် သန်း ၁၀၀ဖြင့် ဝယ်ယူခဲ့သည့် တောင်ပံကစားသမား ဂျက်ဂရီးလစ်ရှ်ကို စတာလင်ပေါင် ၄၅သန်း လျှော့ဈေးဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

မန်ချက်စတာစီးတီးအသင်းသည် အသင်းနှင့် စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေသည့် ဂျက်ဂရီးလစ်ရှ်အား ဖီဖာကလပ်ကမ္ဘာ့ပြိုင်ပွဲဝင်မည့်အသင်းလူစာရင်းမှ ချန်လှပ်ခဲ့သဖြင့် လက်ရှိဈေးကွက်အတွင်း ရောင်းချသွားတော့မည်ဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တောင်ပံကစားသမား ဂျက်ဂရီးလစ်ရှ်သည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၇ပွဲကစားပြီး ၁၇ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် မန်ချက်စတာစီးတီးအသင်းမှ လျှော့ဈေးဖြင့် ရောင်းချဖွယ်ရှိသော ဂျက်ဂရီးလစ်ရှ်အား မည်သည့် ဥရောပကလပ်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ)**

**(NGB)**

## ဂါနာတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ပါတေး ဆွတ်ခူး

**လန်ဒန် ဇွန် ၁၇**

၂၀၂၅ခုနှစ်အတွက် ဂါနာတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို အာဆင်နယ်အသင်းနှင့် ဂါနာလက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား ပါတေးက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ကလပ်အသင်းဖြစ်သည့် အာဆင်နယ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၂ ပွဲကစားပြီး လေးဂိုးသွင်းယူနိုင်ခဲ့သလို ဂါနာလက်ရွေးစင်အသင်းနှင့်လည်း အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အသက်(၃၂)နှစ်အရွယ်ရှိ ပါတေးက "ကျွန်တော် အခုလို ဂါနာတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို တစ်ဦးချင်းဆုတံဆိပ်အပြင် ကလပ်အသင်းနဲ့ရော နိုင်ငံအသင်းနဲ့ပါ အောင်မြင်မှုများ ရယူနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**





## ချဲလ်ဆီးအသင်းက လော့စ်အိန်ဂျလိစ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၁၇**

၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလား အုပ်စု(D) ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အင်္ဂလန်ကလပ် ချဲလ်ဆီးအသင်းနှင့် အမေရိကန်ကလပ် လော့စ်အိန်ဂျလိစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ချဲလ်ဆီးအသင်းက လော့စ်အိန်ဂျလိစ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ချဲလ်ဆီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၃၄မိနစ်တွင် ပက်ဒရိုနက်တို၊ ပွဲချိန် ၇၉ မိနစ်တွင် အန်ဇိုဖာနန်ဒက်ဇ်တို့က သွင်းယူပေးခဲ့သည်။ **(အပေါ်ပုံ)**

ချဲလ်ဆီးအသင်းသည် ၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလားအုပ်စု (D) ဒုတိယပွဲစဉ်အဖြစ် လာမည့် ဇွန် ၂၁ ရက်တွင် ဖလာမင်ဂိုအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* စပိန်ကလပ် ဘာစီလိုနာအသင်းသည် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရရန်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) ထံ တောင်းဆိုခဲ့ဖူးကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* စပါးအသင်း တောင်ပံကစားသမားဟောင်း ဂါရတ်ဘေးသည် လိဂ်ဝမ်းကလပ် ပလိုင်းမောက်အသင်း၏ ပူးတွဲပိုင်ရှင်ဖြစ်လာရန် နီးစပ်နေပြီဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(NGB)**

## အက်ဒရီယန်ထရူဖတ်ကို ဘုန်းမောက်အသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၁၇**

ဘုန်းမောက်အသင်းသည် ရင်းနက်စ်အသင်း နောက်ခံကစားသမား အက်ဒရီယန်ထရူဖတ်ကို စတာလင်ပေါင် ၁၄ ဒသမ ၄ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘုန်းမောက်အသင်းနှင့်အတူ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား အက်ဒရီယန်ထရူဖတ်သည် ရင်းနက်စ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၁ ပွဲကစားပြီး ကိုးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘုန်းမောက်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းထုတ်ပြန်ချက်တွင် "အက်ဒရီယန်ထရူဖတ်အား ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားမှာပါ"ဟု ထုတ်ပြန်သည်။

**(အောက်ပုံ)**

**(NGB)**



## ပက်ဒရို လာဇီယိုအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် ဇွန် ၁၇**

လာဇီယိုအသင်းသည် အသင်းတောင်ပံကစားသမား ပက်ဒရိုအား တစ်နှစ်သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် လာဇီယိုအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၆ပွဲကစားပြီး ၃၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အသက်(၃၇)နှစ်အရွယ်ရှိ ပက်ဒရိုက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားဦးမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ **(NGB)**



## အယ်လ်နာဆာအသင်းမှ ထွက်ခွာမည့် ဒူရန်အား ခေါ်ယူရန် ဝက်စ်ဟမ်းအသင်း စီစဉ်



**လန်ဒန် ဇွန် ၁၇**

ဝက်စ်ဟမ်းအသင်းသည် ဆော်ဒီပရိုလိဂ်ကလပ် အယ်လ်နာဆာအသင်းမှ ထွက်ခွာတော့မည့် တိုက်စစ်မှူး ဒူရန်အား ခေါ်ယူရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အယ်လ်နာဆာအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၈ပွဲကစားပြီး ၁၂ဂိုးသွင်းယူကာ ခြေစွမ်းပြထားသလို အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရမှုကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဒူရန်ကိုယ်တိုင်ကလည်း လက်ရှိအချိန် အယ်လ်နာဆာအသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာမည်ဖြစ်သည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် ဒူရန်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ)**

**(NGB)**

## Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ Daniil Medvedev တက်ရောက်

**ဟမ်းဘတ် ဇွန် ၁၇**

ဂျာမနီနိုင်ငံ၊ ဟမ်းဘတ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ရုရှားတင်းနစ်ကစားသမား Daniil Medvedev တက်ရောက်ခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်ကစားသမား Daniil Medvedev သည် 2025 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် အိမ်ရှင် ဂျာမနီတင်းနစ်ကစားသမား Daniel Altmaier အား ၆-၃၊ ၆-၃ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ရုရှားတင်းနစ်ကစားသမား Daniil Medvedev နှင့် ပြင်သစ်တင်းနစ်ကစားသမား Quentin Halys တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**



## ဖီဖာကလပ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်)ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|---|
| ၁၈-၆-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ည ၁၀း၃၀နာရီ | G | မန်စီးတီး(အင်္ဂလန်) - ဝိုင်ဒက်(မော်ရိုကို) |
| ၁၉-၆-၂၀၂၅ ကြာသပတေးနေ့ | နံနက်၀၁း၃၀နာရီ | H | ရီးရဲလ်မက်ဒရစ်(စပိန်) - အယ်လ်ဟီလာ(ဆော်ဒီအာရေဗျ) |
| ။ | နံနက် ၀၄း၃၀နာရီ | H | ပါချူကာ(မက္ကဆီကို) - ဆောလ်ဘတ်(ဩစတြီးယား) |
| ။ | နံနက် ၀၇း၃၀နာရီ | G | အယ်လ်အိန်း(ယူအေအီး) - ဂျူဗင်တပ်(အီတလီ) |

## မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် သင်တန်းဖွင့်ပွဲနှင့် ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ဒုတိယနှစ် သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနား တက်ရောက်




**မကွေး ဇွန် ၁၇**

သမဝါယမ စာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မကွေး) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် သင်တန်းဖွင့်ပွဲနှင့် ၂၀၂၄-၂၀၂၅ပညာသင်နှစ် ဒုတိယနှစ် သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၆ ရက် နံနက်ပိုင်းက သမဝါယမ စာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် သမဝါယမ သင်တန်းကာလမှာ အခြေခံ ပညာကျောင်းများ နည်းတူ ဇွန်လဆန်းမှ ဖေဖော်ဝါရီလအထိ ကိုးလကြာမြင့်မှာဖြစ်ကြောင်း၊ ဒီသင်တန်းကို ဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်ကတော့ အခြေခံပညာ Grade-9 အောင်မြင်ပြီး ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိသူများကို စာရင်းရေး၊ စာရင်းကိုင်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်စေရန်နှင့် ထူးချွန်သူများကို ရွေးချယ်၍ သမဝါယမကောလိပ်များသို့ ပေါင်းကူး၍ ပညာဆက်လက်သင်ယူနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပထမနှစ် ၆၆ ဦး၊ ဒုတိယနှစ် ၃၀ ဦး၊ စုစုပေါင်း ၉၆ ဦး တက်ရောက်မည်ဖြစ်၍ သင်တန်းသားများအနေဖြင့် စာရင်းရေး၊ စာရင်းကိုင်ပညာရပ်အား အခြေခံကျကျ သိရှိနားလည်တတ်ကျွမ်းစေခြင်း၊ ခေတ်မီစီမံခန့်ခွဲမှုပညာနှင့် ကွန်ပျူတာ စာရင်းကိုင်ပညာရပ်များ တတ်ကျွမ်းစေခြင်း၊ အစိုးရအဖွဲ့အစည်းများ၊ သမဝါယမဆိုင်ရာ အဖွဲ့အစည်းများ၊ ပြင်ပပုဂ္ဂလိက အသင်းအဖွဲ့များ၊ လုပ်ငန်းများနှင့် ကုမ္ပဏီများတွင် အလုပ်လျှောက်ထားရာ၌ အထောက်အကူဖြစ်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမှာဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း ကြိုးကြိုးစားစားနှင့် သင်ယူလေ့လာမှတ်သားထားကြပါလို့ တိုက်တွန်းပြောကြားလိုပါကြောင်း၊ သမဝါယမ စာရင်းရေး၊ စာရင်းကိုင်နှင့် စာရင်းကိုင် ကွန်ပျူတာပညာကို တတ်ကျွမ်းသော၊ ယဉ်ကျေးလိမ္မာသောသူများဖြစ်အောင် ကြိုးစားကြပါလို့ တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်း၊ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ ဒုတိယနှစ် အောင်မြင်ခဲ့သော မဖြိုးဖြိုးသိမ့်က သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး၏ကိုယ်စား ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မောင်နိုင်မင်း(ပြန်ဆက်)**

၀-၀-၀-၀-၀



## ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**စဉ့်ကိုင် ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်အတွင်း ကျေးလက်နေပြည်သူများ သောက်သုံးရေ ရှားပါးမှု အခက်အခဲများ မဖြစ်စေရန်နှင့် ရာသီမရွေး သန့်ရှင်းသော မြေအောက်ရေ ဖူလုံစွာ ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ပြည်သူ၊ ကျေးလက်၊ ယူနီဆက်အစီအစဉ်ဖြင့် ကျေးရွာ ငါးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် ဝန်ထမ်းများက ယူနီဆက်အဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ စဉ့်ကိုင်မြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်တွင် ပြည်သူ၊ ကျေးလက်၊ ယူနီဆက်အစီအစဉ်ဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကသဲစုကျေးရွာ၊ ဝါးရင်းတုတ်ကျေးရွာ၊ ပတ္တာကျေးရွာ၊ ညဏ်ကွေ့ကျေးရွာနှင့် အရေးမဆိုကျေးရွာသို့ သွားရောက်ပြီး ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများကို တွေ့ဆုံကာ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများနှင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးရွာရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ကော်မတီဝင်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ယူနီဆက်အဖွဲ့မှ တာဝန်ရှိသူများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ ကျေးရွာများအလိုက် ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၄၅)**

## စဉ့်ကိုင်မြို့နယ်၌ ရေဘေးအန္တရာယ် အသိပညာပေးဟောပြော

**စဉ့်ကိုင် ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၌ ရေဘေးအန္တရာယ် အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၆ ရက် နံနက်ပိုင်းက ဘယ်လင်းကျေးရွာအုပ်စု၊ ညဏ်ကွေ့ကျေးရွာအတွင်းရှိ ရွာဦးဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ(ကိုယ်စား) ဗိုလ်မှူးပြည့်ဖြိုးအောင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဝင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကြည်ဇော်ထိုက်က ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ပြီး တက်ရောက်လာသူများအား ရေဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**ကျော်စွာ(စဉ့်ကိုင်)**



## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ၁/၂၀၂၅ သရုပ်ဆောင်သင်တန်းဖွင့်

**ရန်ကုန် ဇွန် ၁၇**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ ၁/၂၀၂၅ သရုပ်ဆောင်သင်တန်းကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရွှေရတုခန်းမဆောင်၌ ဖွင့်လှစ်ခဲ့သည်။

သရုပ်ဆောင်သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဒါရိုက်တာ ကြည်စိုးထွန်းနှင့် အမှုဆောင်များ၊ သရုပ်ဆောင်အကယ်ဒမီများရှင် ရန်အောင်၊ မေသန်းနုနှင့် အနုပညာရှင်များ၊ ဒါရိုက်တာများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။



ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ဒါရိုက်တာအကယ်ဒမီ ငြိမ်းမင်းနှင့် မောင်သီတို့က သရုပ်ဆောင်သင်တန်းနှင့်ပတ်သက်သော သိသင့်သိထိုက်သည့် အကြောင်းအရာများကို ပြောကြားသည်။

"အခုတက်လာတဲ့သင်တန်းသား၊ သင်တန်းသူတွေထဲမှာ ဖြစ်နိုင်ခြေရှိတဲ့ အလားအလာရှိတဲ့သူတွေ တွေ့မိသလားလို့ မေးလာတဲ့အပေါ်မှာ ရုပ်ချောတိုင်းလည်းမဟုတ်ဘူး။ ရုပ်မချောလို့ မဖြစ်နိုင်ဘူးလားဆိုတော့လည်း မဟုတ်ပါဘူး။ သူ့ရဲ့သင်ယူခြင်း၊ စိတ်ပါဝင်စားခြင်း၊ လေ့လာခြင်းတွေက သူ့ရဲ့ ဖြစ်နိုင်၊ မဖြစ်နိုင် အပေါ် မူတည်ပါတယ်"လို့ သင်တန်းမှာ ပို့ချသင်ကြားပေးမယ့် ဒါရိုက်တာ သီဟကျော်စိုးက ပြောသည်။

အဆိုပါသင်တန်းကို ဒါရိုက်တာ မောင်၊ ဒါရိုက်တာ သီဟကျော်စိုး၊ ဒါရိုက်တာ ဟိန်းစိုးတို့က သင်ကြားပေးမည်ဖြစ်ကာ အချိန်ရလျှင် ဝါရင့်အနုပညာရှင်များကလည်း ပို့ချသင်ကြားပေးမည်ဖြစ်သည်။

သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၃၂)**



## ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်ပွဲကျင်းပ

**မန္တလေး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်ပွဲကျင်းပသည်။

အဆိုပါဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့်အညီ ဌာနခွဲများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ သိရှိမှသာ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဌာနအနေဖြင့် ကုန်စည်၊ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ စားသုံးသူအခွင့်အရေးဆိုင်ရာရှုထောင့်မှ ကုန်စည်ထုတ်လုပ်သူများအား လုံခြုံစိတ်ချရမှုဖြစ်စေသည့်လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်မှု ရှိ၊ မရှိ၊ မှန်ကန်မှုရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးသည့် လုပ်ငန်းစဉ်များ၊ ကုန်သွယ်ရေးဦးစီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့၏အခြေခံသိသင့်သိထိုက်သောအချက်များ ပို့ချဖို့လိုကြောင်း၊ သင်တန်းတက်ရောက်သူများအနေဖြင့် ဘာသာရပ်များအလိုက် စနစ်တကျ မှတ်သားဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇေယျာဆွေက သင်တန်းကာလအား ဇွန် ၁၆ ရက်မှ ဇူလိုင် ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးအား စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာသိကောင်းစရာများ၊ စီမံရေးရာဌာနခွဲဆိုင်ရာလုပ်ငန်းများ၊ ငွေစာရင်းဌာနခွဲဆိုင်ရာလုပ်ငန်းများ၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဆိုင်ရာကိစ္စများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းများ၊ ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ၊ မူဝါဒဌာနဆိုင်ရာလုပ်ငန်းများ၊ သတင်းအချက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ၊ ကုန်သွယ်ရေးဦးစီးဌာန၏ လုပ်ငန်းများ၊ မူပိုင်ခွင့်ဦးစီးဌာန၏ လုပ်ငန်းများ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ လုပ်ငန်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ Short Video ပြုလုပ်နည်းဆိုင်ရာဘာသာရပ်များ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၅၆)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

**ဇေယျာသီရိ ဇွန် ၁၇**

နေပြည်တော်တိုင်းရင်းဆေးရုံကြီး ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ဇေယျာသီရိမြို့နယ်၊ ကျည်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျည်တောင်ကျေးရွာအတွင်းမှ ပြည်သူများအား ယမန်နေ့နံနက်ပိုင်းက တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် နေပြည်တော်တိုင်းရင်းဆေးရုံ ဒုတိယဆေးရုံအုပ် ဦးလှမော်နှင့် တိုင်းရင်းဆေး ဆရာ၊ ဆရာမများက ကွင်းဆင်းဆေးကုသပေးခြင်းဖြစ်ပြီး ဇေယျာသီရိမြို့နယ်၊ ကျည်တောင်ကျေးရွာအုပ်စု၊ ကျည်တောင်ကျေးရွာအတွင်းမှ ဆေးကုသမှုခံယူသူ ၁၆၂ ဦးအား သွေးတိုး၊ ဆီးချို၊ ဒူးနာ၊ ခါးနာ၊ အာရုံကြောရောဂါများ၊ အဆစ်ရောင်၊ လေးဖက်နာ၊ ခေါင်းမူး၊ ခေါင်းကိုက်၊ အကြောတက်၊ ကိုက်ခဲ၊ လေဖြတ်၊ လေငန်းရောဂါ၊ ထုံနာကျင်နာရောဂါများကုသပေးခဲ့ပြီး တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများကိုလည်း ပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



**သင့်ကျန်းမာရေးအတွက် နေ့စဉ်လမ်းလျှောက်ပါ။**

## အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**အောင်လံ ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့ ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ယမန်နေ့ နံနက် ၁၀ နာရီက အောင်လံမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင် ဦးဆောင်၍ ဝန်ထမ်းများက အောင်လံမြို့၊ အထက (၁၊ ၂၊ ၃) အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေနှင့်အဖွဲ့ဝင်များက လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အသက်(၁၆ မှ ၁၈)နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်မပြုလုပ်ရသေးသူများ၊ အသက်(၁၈)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် Biomertic ကောက်ယူခြင်း လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

အာကာ(ပြန်/ဆက်)

## ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအား ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် မြေနဲလေးကျေးရွာ ၌ ကျေးလက်ကုန်ထုတ်လမ်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်သူဇာနွယ်နှင့်



တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာများမှ လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ မြေနဲလေးကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် လမ်းအရှည်(၀/၆)မိုင်အား အကျယ် ၁၂ပေ၊ အမြင့် နှစ်ပေ ကိုးလက်မ မြေသားတင်ဂျင်းခင်းခြင်း ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ညောင်ဦးမြို့နယ်၊ ကျေးလက်ကုန်ထုတ် လမ်းဖောက်လုပ်ခြင်း၊ Slab Culvert သုံးစင်းနှင့် ရေကျော်တံတား တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းကို ပြည်ထောင်စု ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၆၃ ဒသမ ၁၈၀ သန်းဖြင့် လင်းယုန်အားမာန်ကုမ္ပဏီက ယခုနှစ် ဇွန် ၁၄ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် လမ်းအူကြောင်း ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက မြေနဲလေးကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံတောင်သူများအတွက် လယ်ယာသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများကို အဆင်ပြေစွာ သွားလာစိုက်ပျိုးနိုင်မည့်အပြင် စိုက်ခင်းများမှ ထွက်ရှိသော လယ်ယာထွက်ကုန်သီးနှံများကို ဈေးကွက်သို့ လွယ်ကူစွာဖြင့် သယ်ယူပို့ဆောင်ရောင်းချနိုင်မည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်သူဇာနွယ်က ပြောသည်။

(ဝဲပုံ)

(၄၄၅)

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ကျစ်လျစ်တဲ့ခန္ဓာကိုယ်အတွက် Bodybuilding လုပ်ရာမှာ ထိရောက်စေမယ့် အခြေခံအချက်များ

ကျစ်လျစ်ပြီး သန်မာတောင့်တင်းတဲ့ ခန္ဓာကိုယ်ဖြစ်ဖို့အတွက် Bodybuilding လုပ်တဲ့အခါမှာ အစားအသောက်နဲ့ လေ့ကျင့်ခန်းလုပ်နည်းစနစ်တွေ မှန်ကန်ဖို့အတွက်က အရေးကြီးပါတယ်။ Bodybuilding လုပ်တဲ့အခါမှာ သတိထားသင့်တဲ့အရာတွေနဲ့ ထိရောက်စေမယ့် အခြေခံအချက်တွေကို ဖော်ပြပေးလိုက်ပါတယ်။

(၁) ကိုယ်လိုချင်တဲ့ ခန္ဓာကိုယ်အချိုးအစားနဲ့ ကြွက်သားတက်မြန်ပြီး ထိရောက်မှုရှိစေမယ့် အရေးကြီးဆုံးကတော့ Trainer နဲ့ တိုင်ပင်ပြီး သေချာပြင်ဆင်ထားတဲ့ လေ့ကျင့်ခန်းအစီစဉ်တစ်ခုရှိဖို့ လိုအပ်ပါတယ်။ ကိုယ်လုပ်ရမယ့် လေ့ကျင့်ခန်းအမျိုးအစားတွေကို ဘယ်နေ့မှာအပေါ်ပိုင်း၊ ဘယ်နေ့မှာ အောက်ပိုင်း၊ ဘယ်လေ့ကျင့်ခန်းကို ဘယ်နှကြိမ်၊ ဘယ်နှခါစသည်ဖြင့် အရေအတွက်ကိုတိတိ ကျကျလမ်းညွှန်ပြသပေးနိုင်တဲ့ Trainer နဲ့ ကစားခြင်းက မြန်မြန်ထိရောက်စေပါတယ်။

(၂) Bodybuilding Program စလုပ်မယ်ဆိုရင် အားကစားရုံမှာရှိတဲ့ အဆင့်မြင့်စက်ကြီးတွေကို အာရုံစိုက်မနေဘဲ ကြွက်သားတည်ဆောက်ဖို့ ပထမဆုံးခြေလှမ်းအနေနဲ့စတင်ရမှာက Free weight အတုံးတွေနဲ့ ကစားပေးပါ။ Free weight တုံးတွေနဲ့ ကစားတာဟာ စက်တွေနဲ့ ကစားတာထက် ကြွက်သားတည်ဆောက်ရာမှာပိုပြီး အထောက်အကူဖြစ်စေပါတယ်။

(၃) ကျစ်လျစ်တဲ့ခန္ဓာကိုယ် တည်ဆောက်ရာမှာ ပရိုတင်းကမဖြစ်မနေ လိုအပ်ပါတယ်။ ကြက်သား၊ ကြက်ဥ၊ ငါး၊ အမဲသား၊ နွားနို့၊ ပဲ၊ အခွံမာသီးစတဲ့ အစားအစာတွေမှာ ပရိုတင်းဓာတ်များစွာပါဝင်တာကြောင့် အဲ့ဒီအစားအစာတွေကို များများစားသုံးပေးပါ။ လိုအပ်ရင် ပရိုတင်းဖြည့်စွက်စာတွေ စားသုံးပေးနိုင်ပါတယ်။

(၄)ဖြည်းဖြည်းချင်း ဝိတ်တိုးသွားပါ။ စတင်ကစားတဲ့အချိန်မှာ အလွန်လေးတဲ့အလေးတုံးတွေနဲ့ ကစားဖို့မလိုအပ်ပါဘူး။ လေ့ကျင့်ခန်း တစ်ခုစီတိုင်းကို နည်းစနစ်တကျနဲ့ ကျွမ်းကျင်ပိုင်နိုင်လာပြီဆိုမှသာ တဖြည်းဖြည်းဝိတ်ကို တိုးပြီးကစားရမှာဖြစ်ပါတယ်။ **Daisy**



## ရေချိုးပြီးတိုင်း ယားယံခြင်းကို ဖြစ်ပွားစေတဲ့ အကြောင်းအရင်းများ



တစ်ကိုယ်ရေ သန့်ရှင်းစေဖို့အတွက်၊ လန်းဆန်းစေဖို့အတွက် ရေချိုးခြင်းကို ပြုလုပ်ပေးဖို့ လိုအပ်ပါတယ်။ ဒါပေမဲ့လည်း တစ်ခါတစ်ရံမှာ ရေချိုးပြီးနောက် ယားယံခြင်းကို ခံစားရလေ့ရှိကြပါတယ်။ ရေချိုးပြီးတိုင်း ယားယံခြင်းကို များသောအားဖြင့် ဖြစ်ပွားစေတဲ့ အကြောင်းအရင်းကတော့ အသားအရေ ခြောက်သွေ့ခြင်းကြောင့်ပဲ ဖြစ်ပါတယ်။

ရေချိုးလိုက်တဲ့အခါမှာ ခန္ဓာကိုယ်မှာ အလိုအလျောက် ထွက်ရှိနေတဲ့ အသားအရေ၊အဆီတွေ ကွယ်ပျောက်သွားတာကြောင့် အသားအရေခြောက်သွေ့ခြင်း၊ ယားယံခြင်းတို့ကို ဖြစ်ပွားစေနိုင်ပါတယ်။ အသားအရေ ခြောက်သွေ့ခြင်း သီးသန့်ကို ခံစားရမယ်ဆိုရင် အလှဆီ ဒါမှမဟုတ် Lotion များ လိမ်းကျံပေးခြင်းဖြင့် ပျောက်ကင်းနိုင်ပေမယ့် အသားအရေ ခြောက်သွေ့ခြင်းအပြင် ယားယံခြင်းကိုပါ ခံစားရမယ်ဆိုရင်တော့ ဂရုတစိုက် ကုသမှုတွေ ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

ရေချိုးပြီးတိုင်း အသားအရေ ယားယံခြင်းကို ဖြစ်ပွားစေနိုင်တဲ့ အဓိကအကြောင်းအရင်းတွေနဲ့ ကာကွယ်နိုင်မယ့် နည်းလမ်းတွေကတော့ အောက်ပါအတိုင်းပဲ ဖြစ်ပါတယ်။

**(၁) အသားအရေ ခြောက်သွေ့ခြင်း**

ရေချိုးလိုက်တဲ့အခါမှာ အသားအရေရဲ့ စိုစွတ်မှုတွေ ကွယ်ပျောက်သွားလေ့ရှိတာကြောင့် အသားအရေ ခြောက်သွေ့ခြင်းကို ခံစားရပြီး ယားယံခြင်းကို ခံစားရနိုင်ပါတယ်။ မျက်နှာသစ်ဆေးတွေ၊ ဆပ်ပြာတွေကြောင့် အသားအရေမှာ သဘာဝအလျောက် ထွက်ရှိနေတဲ့ အဆီတွေ ကွယ်ပျောက်သွားပြီး အသားအရေ ခြောက်သွေ့ခြင်း၊ ယားယံခြင်းတို့ကို ဖြစ်ပွားစေနိုင်ပါတယ်။ ဒါ့အပြင် တစ်ခါတစ်ရံမှာ အသားအရေခြောက်သွေ့ခြင်းကြောင့် အရေပြားကွဲအက်ခြင်းကိုပါ ဖြစ်ပွားစေနိုင်ပါတယ်။

ရေချိုးပြီးတိုင်း အသားအရေ ယားယံခြင်းဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်မယ့် နည်းလမ်းကတော့ ရေချိုးပြီးတိုင်း အသားလှဆီ လိမ်းကျံပေးခြင်းပဲဖြစ်ပါတယ်။ အသားလှဆီ လိမ်းကျံပေးခြင်းဖြင့် ခြောက်သွေ့နေတဲ့ အသားအရေကို ပြန်လည်စိုစွတ်စေမှာ ဖြစ်ပါတယ်။

တစ်ခါတစ်ရံမှာ အသားလှဆီနဲ့ ဓာတ်မတည့်တဲ့အခါမှာလည်း အသားအရေ ယားယံခြင်းကို ဖြစ်ပွားစေတာကြောင့် မန်သော (Menthol)၊ အယ်လ်ကိုဟော (Alcohol) ပါဝင်တဲ့ အသားလှ ဆီတွေ လိမ်းကျံခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်သင့်ပါတယ်။

**(၂) အလှကုန်ပစ္စည်းများနဲ့ ဓာတ်မတည့်ခြင်း**

လူအများစုအနေနဲ့ အမွှေးရနံ့ပါဝင်တဲ့ ဆပ်ပြာတွေ၊ ခေါင်းလျှော်ရည်တွေကို အသုံးပြုလေ့ရှိကြပါတယ်။ လေ့လာတွေ့ရှိချက်များအရ ရေချိုးဆပ်ပြာတွေ၊ ခေါင်းလျှော်ရည်တွေမှာပါဝင်တဲ့ အမွှေးရနံ့ကြောင့် အသားအရေယားယံခြင်းကို များသောအားဖြင့် ဖြစ်ပွားစေနိုင်တယ်လို့ သိရပါတယ်။

**(၃) ရေအေးဖြင့် ရေချိုးပေးခြင်း**

ရေနွေးနဲ့ အချိန်ကြာမြင့်စွာ ရေချိုးခြင်းကို ရှောင်ကြဉ်ခြင်းဖြင့် အသားအရေ ယားယံမှုကို ကာကွယ်နိုင်မှာဖြစ်သလို ရေအေးနှင့် ရေချိုးပေးခြင်းဖြင့်လည်း ရေချိုးပြီးတိုင်း အသားအရေ ယားယံမှုကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

**(၄) တစ်နေ့တာအတွင်း မကြာခဏ ရေချိုးခြင်းကို ရှောင်ကြဉ်ခြင်း**

မကြာခဏ ရေချိုးခြင်းကြောင့် ခန္ဓာကိုယ်မှာ အလိုအလျောက် ထွက်ရှိနေတဲ့ အသားအရေအဆီတွေ ပိုမိုကုန်ဆုံးသွားမှာဖြစ်တာကြောင့် အသားအရေ ခြောက်သွေ့ခြင်းကို ဖြစ်ပွားစေမှာဖြစ်ပြီး အရေပြားယားယံမှုကို ခံစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် တစ်နေ့တာအတွင်း မကြာခဏ ရေချိုးခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်သင့်ပါတယ်။

**(၅) အမွှေးရနံ့ပါဝင်တဲ့ အသုံးအဆောင်ပစ္စည်းများ အသုံးပြုမှုကို ရှောင်ကြဉ်ခြင်း**

အမွှေးရနံ့ပါဝင်တဲ့ ရေချိုးဆပ်ပြာတွေ၊ ခေါင်းလျှော်ရည်တွေ၊ အလှကုန်ပစ္စည်းတွေနဲ့ ဓာတ်မတည့်တဲ့အခါမှာလည်း အသားအရေ ယားယံခြင်းကို ဖြစ်ပွားစေနိုင်တာကြောင့် အထက်ပါပစ္စည်းများ အသုံးပြုမှုကို တတ်နိုင်သမျှ ရှောင်ကြဉ်သင့်ပါတယ်။ ဒါ့အပြင် အသားအရေ ခြောက်သွေ့ခြင်းကို ကာကွယ်နိုင်ဖို့အတွက် ရေချိုးပြီးနောက် အချိန်တိုင်း အသားလှဆီကို လိမ်းကျံပေးသင့်ပါတယ်။ **Daisy**







## စိတ်ဖိစီးမှုကြောင့်ဖြစ်ပေါ်တတ်တဲ့ နောက်ဆက်တွဲဆိုးကျိုးများ

ယခုလို သဘာဝဘေး၊ လူမှုရေးနဲ့ စီးပွားရေး အခက်အခဲအကျပ်အတည်းကာလမှာ စိတ်ပင်ပန်းမှု၊ လူပင်ပန်းမှု၊ စိတ်ညစ်ခြင်း၊ စိတ်ရှုပ်ခြင်းတွေကို တော်တော်များများ ရင်ဆိုင်ကြုံတွေ့နေကြရတာဖြစ်ပါတယ်။ စိတ်ဖိစီးမှုကို ခဏတာကြုံတွေ့ရတာက ဘာမှမဖြစ်ပေမယ့် ရေရှည်ကြုံတွေ့လာရတဲ့ခါမှာတော့ နောက်ဆက်တွဲအနေနဲ့ စိတ်နဲ့ခန္ဓာကိုယ်ကျန်းမာရေး၊ လူမှုရေးနဲ့ နေ့စဉ်ဘဝကိုပါ ထိခိုက်လာနိုင်ပါတယ်။ အရင်တစ်ပတ်က စိတ်ဖိစီးမှုတွေ ဖြစ်ပေါ်လာရင် သတိထားရမယ့်အချက်တွေကို ဖော်ပြပေးခဲ့ပြီး ကျန်ရှိနေတဲ့အဆက်ကို ဆက်လက်ဖော်ပြလိုက်ပါတယ်။

**(၅) တစ်ခုခုကို မရမကစွတ်လုပ်ခြင်း**

စိတ်အလွန်ဖိစီးလာတဲ့အချိန် ဘောလ်ပင်တစ်ချောင်းပျောက်နေတာတောင် တစ်အိမ်လုံးအဝတ်ဗီရိုမကျန် လျှောက်ဖွင့်ရှာဖွေနေပေမယ့် အကျိုးဆက် ဆိုးကျိုးက ဘောလ်ပင်တစ်ချောင်းတွေ့ခြင်းထက် များစွာကြီးမားတဲ့ စိတ်ဖိစီးမှုက ဘာမှမတွေ့နိုင်ဘဲ ဖွနေမြဲဖြစ်တယ်။ စိတ်ငြိမ်သွားတဲ့အခါရောက်မှ မိမိဖွထားသမျှ ပင်ပန်းတာသိ၍ ငါတော်တော်မိုက်ပါလားဆိုပြီး အပြစ်တင်မိတော့တယ်။

**(၆) မလိုအပ်ဘဲ ပိုမိုစွန့်စားခြင်း**

စိတ်ဖိစီးရင် ကိုယ်တိုင်စိတ် ဖိစီးမှုပြဿနာ မြန်မြန်ပြေလည်ရေး အာရုံထားတယ်။ကျန်တာမတွေးတော့ဘဲ အန္တရာယ်ဖြစ်မှန်းမသိ ဇွတ်တိုလုပ်တော့တယ်။ ကိုယ့်ကျောပေါ်မှာ ခွစီးထားတဲ့ စိတ်ဖိစီးမှုဝန်ထုပ် မြန်မြန်ချပစ်နိုင်ဖို့၊ ကိုယ့်စိတ်ထဲရှိရာ အလုပ်နဲ့ချည်း ဝန်ပိတော့သာ အန္တရာယ်ရှိမှန်း သတိမထားဖြစ်တော့ဘူး။

**(၇) မေ့လျော့တာဖြစ်ခြင်း**

အလွန်စိတ်ဖိစီးသူဟာ လူက လောလောတာနဲ့အမျှ အခြားအရာများ မေ့လျော့လာတယ်။ အလုပ်များဖိစီးပြီး အာရုံများနေလို့ မေ့လာတယ်။ စိတ်ဖိစီးလွန်းရင် ဦးနှောက်အတွင်း စိတ်ဖိစီးမှုဟော်မုန်းပုံစံပြောင်းကာ ခံစားချက်နောက်လိုက်ပြီး တုံ့ပြန်အောင်လုပ်ပစ်တတ်တယ်။လူမှာ အချက်အလက်များ အားနည်းသွားကာ မှတ်သားထားတာ မေ့လျော့လာတယ်။ အေးဆေးသွားရင် မေ့နေတာပြန်မှတ်မိလာတယ်။ **(Credit - internet)**

**Daisy**

## Makeup မလိမ်းထားသလို သဘာဝအတိုင်းလှပနေစေမယ့် ပြင်ဆင်နည်း

နေ့စဉ်မိတ်ကပ်တွေ လိမ်းနေရတာ ငြီးငွေ့နေလို့ မိတ်ကပ်မလိမ်းပြန်ရင်လည်း ကြည့်လို့ မကောင်းမှာစိုးလို့ မိတ်ကပ်ကို မဖြစ်မနေလိမ်းနေရတဲ့အချိန်တွေ ရှိတတ်ပါတယ်။ မိတ်ကပ်တွေ အဆင့်ဆင့်မလိမ်းဘဲ မိတ်ကပ်လိမ်းထားသလိုမျိုး သဘာဝအတိုင်းလှနေအောင် လိမ်းခြယ်လို့ရပါတယ်။ အခုပြောပြမယ့် နည်းလမ်းကတော့ မိတ်ကပ်ရည်လည်း လိမ်းစရာမလိုဘဲ အလှပြင်ပစ္စည်းတွေအများကြီးလည်း သုံးစရာမလိုပါဘူး။ အရင်ဆုံး မျက်နှာကိုပုံမှန်လိမ်းနေကျ Skin care တွေလိမ်းပြီးရင် အဆီမပြန်တဲ့ Matte type sunscreen ကိုလိမ်းပြီးရင် မျက်ကွင်းညိုနေတာတွေရယ်၊ အမည်းစက်နဲ့ အဖုတွေကို concealer နဲ့ ဖုံးလိုက်ပါ။ မျက်ခွံကို အဝါနုရောင်၊အညိုနုရောင် Eyeshadow ကို ခပ်ပါးပါးလိမ်းပြီး မျက်ခုံးမွေးကိုလည်း ခပ်ပါးပါးလေးဆွဲပြီး အရောင်မပါတဲ့ Clear Brow Gel အမျိုးအစားနဲ့ ဆွဲပေးလိုက်ရင် သဘာဝအတိုင်းလှပတဲ့ မျက်ခုံးမွေးပုံစံကို ရရှိမှာပါ။ သဘာဝအတိုင်းနီမြန်းနေတဲ့ပါးမို့လေးရဖို့ Cream blush/Liquid blush ကို အသုံးပြုပြီး ပါးရိုးတစ်လျှောက် ခပ်ပါးပါးလိမ်းပြီးရင် Glow တဲ့ ပုံစံပေါက်ချင်ရင်တော့ အရောင်အရမ်းမထင်းတဲ့ Highlighter ကို ပါးရိုးတစ်လျှောက်၊ နဖူးနဲ့ နှာတံမှာ ခပ်ပါးပါးလေးလိမ်းပေးလိုက်ပါ။ နောက်ဆုံးအနေနဲ့ မျက်တောင်ကော့စက်နဲ့ ကော့ပြီး Mascara ဆိုးပြီး Lip balm/Lip tint /Lip gloss ဆိုးပေးလိုက်ရင် မိတ်ကပ်မလိမ်းထားသလို သဘာဝအတိုင်းလှပစေမယ့် အပြင်အဆင်ကိုရရှိစေမှာပါ။ တစ်ခုသတိထားဖို့လိုတာကတော့ သဘာဝအတိုင်းလှပနေစေမယ့် အပြင်အဆင်ကိုရရှိဖို့အတွက် မျက်နှာအသားအရေကောင်းမွန်နေဖို့က အရေးကြီးတာကြောင့် အသားအရေထိန်းသိမ်းမှု ပုံမှန်ပြုလုပ်ပေးဖို့လိုအပ်ပါတယ်။

**Daisy**

*-*-*-*-*

## မိုးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်းဖွင့်လှစ်

**သာစည် ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီ မိုးသီးနှံပန်းတိုင် အထွက်နှုန်းရရှိရေးနည်းပညာပေးသင်တန်းကို ဇွန် ၁၆ရက် မွန်းလွဲပိုင်းက အဆိုပါဦးစီးဌာနယာယီရုံး၌ ဖွင့်လှစ်ခဲ့သည်။



သင်တန်းတွင် မြို့နယ်ဦးစီးမှူး ဒေါ်ဌေးဌေးက သင်တန်းဖွင့်အမှာစကားပြောရာ၌ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် မြို့နယ်အတွင်း စိုက်ပျိုးလျက်ရှိသော သီးနှံများလျာထားချက်ပြည့်မီကျော်လွန်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မြို့နယ်မြေအသုံးချတာဝန်ခံ၊ မျိုးစေ့တာဝန်ခံနှင့် သီးနှံကာကွယ်ရေးတာဝန်ခံများက မြို့နယ်အတွင်း စိုက်ပျိုးလျက်ရှိသော စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာများ ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါသင်တန်းကို ကျေးရွာအုပ်စုတာဝန်ခံ ဝန်ထမ်းများ၊ နယ်မြေတာဝန်ခံဝန်ထမ်းများ စုစုပေါင်း ၃၅ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၇)

*-*-*-*-*-*

*-*-*-*-*-*-*

## ပန်းချီပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲ ကျင်းပ

**မိုင်းဆတ် ဇွန် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇွန် ၁၆ ရက် မွန်းလွဲ ၁၂နာရီခွဲက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ပန်းချီပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများအား ရှင်းလင်းပြောကြားပြီး ပန်းချီပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲကိုကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း(မိုင်းဆတ်)မှ ကျောင်းသား၊ ကျောင်းသူ ၁၄ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။




အဆိုပါ ပြိုင်ပွဲများကို ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန်၊ နောင်တစ်ချိန်တွင် နိုင်ငံတော်က အားကိုးအားထားပြုရမည့် လူရည်ချွန်၊ လူရည်မွန်များ ဖြစ်ပေါ်လာစေရန်နှင့် စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရရှိကာ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*-*-*

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယမုန္နာလေး

## ပန်းခြောက်လေးရဲ့ဂုဏ်

* အဆင်းမလှလို့
သတင်းက မကြွယ်ပါ။
အပွင့်ငယ်သမို့လည်း
မတင့်တယ် မထည်ဝါ။

* သို့ပေမယ့် ပန်းငယ်မှာ
ဆန်းကြယ်စွာ စွမ်းရည်ရှိ
ခရေပန်းပါတကား။

* အပွင့်မှာ ငယ်ပင်ငယ်လည်း
ထုံပြည့်ကြွယ် ရနံ့အမွှေးတွေက
ရင်အေးဖွယ် ချိုမြိန်စွမ်းပါဘိ
လန်းမဝေ နွမ်းကြေလောက်သော်လည်း
ပန်းခြောက်ရဲ့ဂုဏ်။ ။

ကျော်ကြီး(ကချင်မြေ)

## စာစီစာကုံးပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

**ဥတ္တရသီရိ ဇွန် ၁၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရင်သွေးပျိုးခင်း ကိုယ်ပိုင်အလယ်တန်းကျောင်းတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဇွန် ၁၆ရက် နံနက်ပိုင်းက ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ ရင်သွေးပျိုးခင်း ကိုယ်ပိုင်အလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက စာစီစာကုံးပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဟောပြောပွဲကို ဆက်လက်ကျင်းပရာ စာရေးဆရာမများဖြစ်ကြသည့် ချယ်ချယ်(YU)နှင့် နန်းနန်း (စပါးကျီ)တို့က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောကြပြီး ဟောပြောပွဲအပြီးတွင် အခမ်းအနားသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များအား လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*-*-*




## ပန်းကြယ်သီးထိုးနည်းသင်တန်း ဖွင့်လှစ်သင်ကြား

**ကန့်ဘလူ ဇွန် ၁၇**

ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသတွင်းရှိ အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးနှင့် တစ်ဖက်တစ်လမ်းမှ မိသားစုအပိုဝင်ငွေရရှိစေရေးအတွက် ရည်ရွယ်ကာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ပန်းကြယ်သီးထိုးနည်းသင်တန်းကို ဇွန် ၁၃ရက်မှ ၁၅ ရက်ထိ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အဆိုပါသင်တန်းတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာမ ဒေါ်ရီရီခိုင်က သင်တန်းတွင် သင်ကြားပေးမည့် ပန်းကြယ်သီးပြုလုပ်နည်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၀ဦးတက်ရောက်ကြပြီး သင်တန်းနည်းပြဆရာမက ဂျယ်လီပိုးစဖြင့် ပုဇဉ်းခေါင်း၊ အပွင့်၊ အခက်၊ အဖူးပြုလုပ်နည်းများကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)



ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၃၆ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ခုနစ်ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဇွန် ၁၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၇၀၊ အီသီယိုးပီးယားနိုင်ငံသား ၅၆ ဦး၊ ကင်မရွန်းနိုင်ငံသား ရှစ်ဦးနှင့် ဂါနာနိုင်ငံသား နှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၃၆ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ခုနစ်ဦးအား ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ကင်မရွန်းနိုင်ငံသံရုံးမှ First Secretary Ms. Danzouma Alima Anda နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Hoang Minh Hai နှင့် တာဝန်ရှိသူများ၊ ဂါနာသမ္မတနိုင်ငံသံရုံးနှင့် အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာ နိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် အိန္ဒိယနိုင်ငံသား လေးဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ ယူဂန္ဒာနိုင်ငံသား တစ်ဦး၊ ကင်ညာနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ခုနစ်ဦး ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၁၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၄၁ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၀၆ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၅ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့အား ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု(Online Scam)နှင့်အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ်တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၌ တရားမဝင် အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်သူ မြန်မာနိုင်ငံသား ၉၇ ဦးနှင့် တရုတ်နိုင်ငံသား ၄၁ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၇

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက မူဆယ်မြို့ စွမ်စော်ရပ်ကွက်နှင့် ကောင်းမှုတုံရပ်ကွက်အတွင်း၌ တရုတ်နိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများ ပူးပေါင်းကာ အွန်လိုင်း ငွေကြေးလိမ်လည်မှု လုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ စွမ်စော်ရပ်ကွက် အိမ်အမှတ်(မဆ-၄၀၀)ရှိ အိမ်ပိုင်ရှင်(စိစစ်ဆဲ)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ တရားမဝင် အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား အမျိုးသား ၄၀ နှင့် မြန်မာနိုင်ငံသား အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၁၀ ဦးတို့အား လက်ကိုင်ဖုန်းမျိုးစုံ အလုံး ၁၂၀၊ ကွန်ပျူတာမျိုးစုံ ၈၆ လုံး၊ WiFi စက် သုံးလုံး၊ Crown မော်တော်ယာဉ်တစ်စီးတို့ဖြင့်လည်းကောင်း၊ ကောင်းမှုတုံရပ်ကွက် အိမ်အမှတ်(ဟန-၈)ရှိ အိမ်ပိုင်ရှင်(စိစစ်ဆဲ)၏ နေအိမ်အတွင်းမှ တရားမဝင် အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား အမျိုးသားတစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၂၈ ဦးတို့အား ကွန်ပျူတာမျိုးစုံ ၁၆ လုံး၊ လက်ကိုင်ဖုန်းမျိုးစုံ ၃၃၄ လုံး၊ WiFi စက် သုံးလုံး၊ Crown မော်တော်ယာဉ် တစ်စီး၊ TOYOYA LANDCRUISER မော်တော်ယာဉ် တစ်စီးတို့ဖြင့်လည်းကောင်း စစ်ဆေးတွေ့ရှိ သိမ်းဆည်း ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်တွင် ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား အမျိုးသား ၄၁ ဦး၊ မြန်မာနိုင်ငံသားအမျိုးသား ၅၉ ဦးနှင့် အမျိုးသမီး ၃၈ ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်



မူဆယ်မြို့ စွမ်စော်ရပ်ကွက် အိမ်အမှတ် (မဆ-၄၀၀)အတွင်းမှ တရုတ်နိုင်ငံသား အမျိုးသား ၄၀ နှင့် မြန်မာနိုင်ငံသား အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၁၀ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် အိမ်အမှတ်(ဟန-၈)အတွင်းမှ တရုတ်နိုင်ငံသား အမျိုးသား တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၂၈ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဇွန် ၁၇



ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ မိုး/ဇလ

## မင်းဘူး(စကု)မြို့နယ်၌ ခရမ်းချဉ်သီးဈေးများ မြင့်တက်လာ

မင်းဘူး ဇွန် ၁၇

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းကာ စိုက်ခင်းများ ရေနစ်မြုပ်သဖြင့် သီးနှံများပျက်စီးပြီး ခရမ်းချဉ်သီးဈေး မြင့်တက်လာခြင်းဖြစ်ကြောင်း ရွာသာကျေးရွာကိုင်းခရမ်းချဉ်စိုက် တောင်သူများထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်အတွင်းတွင် ယခင်က ခရမ်းချဉ်သီးဈေးတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀-၁၅၀၀ ဈေးသာရှိသော်လည်း၊ ယခုအခါ ခရမ်းချဉ်သီးဈေး လက်ကားတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀၊ လက်လီတစ်ပိဿာလျှင် ၄၀၀၀ ဈေးအထိ တဖြည်းဖြည်းတက်လာရခြင်းမှာ စကုချောင်းဘေး၊ ဧရာဝတီမြစ်လယ်ကျွန်းနှင့် မြေနိမ့်ပိုင်းဒေသများတွင် စိုက်ပျိုးထားသော စိုက်ခင်းများတွင် ရေနစ်မြုပ်ခြင်းကြောင့်ဖြစ်ကြောင်း စိုက်အခင်းရှင်တစ်ဦးက ပြောသည်။

(၅၀၄)

# မန္တလေးငလျင်နှင့် ရှေးဟောင်းသမိုင်းဝင် တောင်မင်းကြီးဘုရား



၁၈၅၅ ခုနှစ်မှာ မြင်ရတဲ့ တောင်မင်းကြီးဘုရား(ခ) နေပူခံကိုယ်တော်ကြီး ၊ အမရပူရ

**၁၈၅၅ ခုနှစ်မှာ မြင်ရတဲ့ တောင်မင်းကြီးဘုရား(ခ)နေပူခံကိုယ်တော်ကြီး၊ (အမရပူရ)**

အမရပူရသည် ရှေးခေတ်မင်းနေပြည် ဖြစ်ခဲ့သကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝသော ရှေးမြို့တော်လည်း ဖြစ်လေသည်။ မြို့တစ်ခွင်တစ်ပြင်တွင်လည်း အင်းဝခေတ်၊ ကုန်းဘောင်ဆက်အမရပူရခေတ်လက်ရာ ဘုရားပုထိုးစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ရှင်ဘုရင်၊ မိဖုရားများ၏ သင်္ချိုင်းဂူများပေါများလှပြီး ဂုဏ်ယူစရာကောင်းသော မြို့တစ်မြို့လည်းဖြစ်၏။ အမရပူရမြို့တွင် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများ အခြားသော ဘုရားများစွာရှိသည့်အနက် ကြီးလေးကြီးဝင်ဖြစ်သော "မဟာသကျရံသီ ကျောက်တော်ကြီးဘုရား၊ မဟာဝိဇယရံသီ ပုထိုးတော်ကြီးဘုရား၊ တောင်မင်းကြီးဘုရား၊ ရွှေကူကြီးဘုရား" နှင့် နဂါးရုံဘုရား၊ ကွမ်းယင်စီတရုတ်ဘုရားကျောင်း၊ ဗားကရာကျောင်းတော်၊ စန္ဒာမုနိဘုရား၊ ဦးပိန်တံတား စသည်တို့မှာ အလွန်ထင်ရှားလှသည်။

ထိုသို့ ဂုဏ်ယူစရာကောင်းသည့် ရှေးဟောင်းအမွေအနှစ် ဘုရားပုထိုးစေတီများနှင့် သာသနိက အဆောက်အအုံများစွာတို့မှာ ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြီးဒဏ်ကြောင့် အတော်များများ ပျက်စီးဆုံးရှုံးခဲ့ရသည်မှာ အလွန်နှမြောဝမ်းနည်းဖွယ်ကောင်းလှသည်။ အမရပူရစာပေနယ်မှ စာရေးဆရာ၊ ကဗျာဆရာအများစုမှာ တောင်သမန်အင်း မယ်ဇယ်လွင်ပြင်ရှိ (ရှိုင်း-၃) လက်ဖက်ရည်ဆိုင်နှင့် ရတနာ လက်ဖက်ရည်ဆိုင်တို့တွင် တွေ့ဆုံလေ့ရှိရာ အနီးအနားရှိ တောင်မင်းကြီးဘုရားကို အထူးသတိထားမိခဲ့ကြ၏။ ငလျင်မလှုပ်မီက အခြေအနေနှင့် ငလျင်လှုပ်ပြီး မြင်တွေ့ရသော အခြေအနေမှာ များစွာကွာခြားသွားခဲ့ပြီး ရှေးဟောင်းသမိုင်းဝင် ဘုရားတစ်ဆူ၏ ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးများဖြစ်သည်။ သမိုင်းတန်ဖိုး (Historical Value)၊ ယဉ်ကျေးမှုတန်ဖိုး (Cultural Value)၊ ရှေးဟောင်းတန်ဖိုး (Archaeological Value) များ ဆုံးရှုံးထိခိုက်ခဲ့ရသည်ကို စိတ်မကောင်းစွာ မြင်တွေ့ခဲ့ရသည်။

**ဆင်ဖြူဝန်ဘုရား**

တောင်မင်းကြီးဘုရားသည် အမရပူရမြို့ တောင်သမန်အင်း၏ အနောက်ဘက်ကမ်း၊ ဦးပိန်တံတား အနောက်ဘက်ထိပ်အနီးတွင် တည်ရှိသည်။ တောင်မင်းကြီးဘုရား ဆင်းတုတော်ကြီးကို မြန်မာသက္ကရာဇ် ၁၁၄၈ခုနှစ်၊ခရစ်နှစ်၁၇၈၆ခုနှစ်တွင် "တောင်မင်းကြီး" ခေါ် အသည်ဝန် "မဟာမင်းလှကျော်စွာ" က ဆောက်လုပ်လှူဒါန်းခဲ့၏။ အလှူရှင်မှာ ဆင်ဖြူဝန်ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သောကြောင့် "ဆင်ဖြူဝန်ဘုရား" ဟု ခေါ်တွင်ခဲ့သည်။ နန်းတွင်းပန်းဦးဆရာများ ရေးဆွဲသော ပုရပိုက်မြေပုံတွင် "ဆင်ဖြူဝန်ဘုရား" ဟု အမှတ်အသားပြုခဲ့သော်လည်း ယခုအခါ "တောင်မင်းကြီးဘုရား" ဟု လူသိများထင်ရှားခဲ့သည်။

**နေပူခံကိုယ်တော်ကြီး**

တောင်မင်းကြီးဘုရား ဆင်းတုတော်ကြီးမှာ အမြင့်(၄၆ပေ-၁၁လက်မ)၊ တင်ပျဉ်ခွေ ဒူးစွန်းနှစ်ဖက် အကျယ်(၃၆ပေ-၆လက်မ) နှင့်မကိုဋ်တော်အမြင့်(၁၃ပေ-၁လက်မ)ရှိ၏။ ရုပ်ပွားတော်ကြီး၏ လက်ချောင်းတော်များက မြေသို့ထိထားသည့်ဟန် "ဘူမိဖဿမုဒြာ" ဖြစ်သည်။ ခြေတော်မှာ ကမ္ဘဋ္ဌာန်းထိုင်ပုံစံ "ဈာနာသန" ဖြစ်သည်။ ဆင်းတုတော်ကြီးမှာ အလွန်ပင်ကြီးမားလှ၏။ နားတော်တွင် လူတစ်ယောက် ဝင်ရောက်ထိုင်လျှင်ပင် ကောင်းစွာဆန့်သည်ဟုဆို၏။



ထိုသို့ ကြီးမားလှသော ဆင်းတုတော်ကြီးကို အမိုးအကာ ပြုလုပ်ရန် မလွယ်ကူလှပေ။ အမိုးအကာပြုလုပ်လျှင် ခိုက်မည်၊ အန္တရာယ်ကျရောက်မည်ဟု ရှေးရိုးစွဲယုံကြည်မှုများ ရှိခဲ့သဖြင့် ထိုစဉ်က အမိုးအကာ မပြုလုပ်ခဲ့သောကြောင့် "နေပူခံကိုယ်တော်ကြီး" အဖြစ် လူသိများထင်ရှားခဲ့သည်။

ခရစ်နှစ် ၁၈၅၅ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် အင်္ဂလိပ်သံအဖွဲ့ မှတ်တမ်း (The Court of Ava in 1855)တွင် ဟင်နရီယူး (Heney Yule)က နေပူခံကိုယ်တော်ကြီးကို အီဂျစ်နိုင်ငံ နိုင်းလ်မြစ်ဝှမ်းမှ ရုပ်တုကြီးများကဲ့သို့ "အမရပူရ တောင်သမန်အင်းစောင်းမှ ကြီးမားသော ရုပ်တုကြီးတစ်ဆူသည် တောင်သမန်အင်းကြီးကို ပြုံး၍ကြည့်နေသည်" ဟု ရေးသားမှတ်တမ်းတင်ခဲ့သည်။

ကုန်းဘောင်မင်းဆက် ၁၀ ဆက်မြောက်ဘုရင် မင်းတုန်းမင်း (ခရစ်နှစ် ၁၈၅၃-၁၈၇၈) သည် အမရပူရတွင်နန်းစံစဉ် အိန္ဒိယဘုရင်ခံဒါလဟိုဇီသည်(၁၈၅၅ ဇွန်လ)၌ ဆာ အာသာဖယ်ရာ ဦးဆောင်သည့် သံအဖွဲ့ကို အမရပူရသို့ စေလွှတ်ခဲ့၏။ ထိုသံအဖွဲ့တွင် မှတ်တမ်းဆရာ အင်္ဂလိပ်လူမျိုး (Linnaeus Tripe) နှင့် ပန်းချီဆရာ (Colesworthy Grant) တို့ ပါရှိလာရာ Linnaeus Tripe သည် အမရပူရ ခရီးစဉ်အတွင်း မှတ်တမ်းဓာတ်ပုံ ၂၀၀ ကျော် ရိုက်ကူးခဲ့ပြီး ဓာတ်ပုံ ၁၂၀ ကို ပုံနှိပ်ထုတ်ဝေခဲ့ရာ အမရပူရမြို့ရှိ နေပူခံကိုယ်တော်ကြီး ဓာတ်ပုံတွင် ရုပ်ပွားတော်ကြီးအား စေတီငယ်များက ဝန်းရံထားကာ ရုပ်ပွားတော်ကြီးသည် ပလ္လင်အထက် (၃၇ ပေ-၆ လက်မ)ခန့် ဥဏ်တော်ရှိကြောင်း ဖော်ပြခဲ့သည်။

မြန်မာသက္ကရာဇ် (၁၂၀၀ ပြည့်နှစ်)တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် တောင်မင်းကြီးဘုရား(နေပူခံကိုယ်တော်ကြီး)မှာ ပြိုကျပျက်စီးခဲ့ရ၏။ ၁၂၁၂ ခုနှစ်တွင် အမရပူရ မြင်းရုံအရပ်မှ လွှထောင်ကြီးဦးမှုံက ပုဂံမင်းထံ အမိန့်ခံ၍ တောင်မင်းကြီးဘုရားကို ပြန်လည်ပြုပြင်ခဲ့ရာ ၁၂၁၄ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ထိုနှစ်တွင် မင်းတုန်းမင်း နန်းတက်သောကြောင့် ဘုရားပြုပြင်ရန် ကဗ္ဗည်းစာနှင့် ရွှေခွက်အစိတ်ရွှေချိန် ၂၀၀ ရရှိခဲ့သည်။

နှစ်ကာလကြာရှည်လာသောအခါ နေပူခံရုပ်ပွားတော်ကြီးသည် ကိုးကွယ်ထိန်းသိမ်းမည့်သူမရှိသဖြင့် ချုံနွယ်များ ပိတ်ဖုံးလာခဲ့၏။ သီပေါမင်းပါတော်မူပြီး မြန်မာသက္ကရာဇ် ၁၂၅၀ တွင် အမရပူရသိမ်ကြီးဈေးအရှေ့ မိုက်စုရွာသစ်နေ "ရွှေလှံဆရာဖူး" က ချုံနွယ်များဖုံးနေသည့် တောင်မင်းကြီးဘုရားဝန်းကျင်ကို ရှင်းလင်းခဲ့ပြီး တပေါင်းလပြည့်နေ့တွင် ဆွမ်းတော်ကြီးကပ်လှူပွဲကို ပထမဦးဆုံး ကျင်းပပြုလုပ်ခဲ့သည်။ ထိုနှစ်မှစ၍ တောင်မင်းကြီးဘုရားပွဲတော်ကို နှစ်စဉ်တပေါင်းလတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**တောင်မင်းကြီးဘုရား**

နေပူခံရုပ်ပွားတော်ကြီး သီတင်းသုံးရန် အမိုးအကာတစ်ကြိမ်ဆောက်လုပ်ခဲ့ရာ ပြိုကျပျက်စီးခဲ့သည်ဟု ပြောခဲ့ကြသော်လည်း နေပူခံကိုယ်တော်ကြီးကို အမိုးအကာအောက်တွင်ထားရှိရန် အမရပူရမြို့ တရုတ်တန်းရပ်မှ "ဦးရင်ကလေး" ကြီးမှူးလျက် ကံစမ်းထီမဲ ဖွင့်လှစ်ကာ အများကောင်းမှု အာရုံခံတန်ဆောင်းကြီး (ဂန္ဓကုဋိ)ကို အောင်မြင်စွာ ဆောက်လုပ်လှူဒါန်းခဲ့ကြ၏။ နေပူခံကိုယ်တော်ကြီးသည် အမိုးအကာအောက် သီတင်းသုံးခဲ့ပြီးနောက်ပိုင်းတွင် မူလအမည်မှာ တဖြည်းဖြည်းပျောက်ကွယ်ခဲ့ပြီး တောင်မင်းကြီးဘုရားဟု ထင်ရှားခဲ့သည်။ ထိုကဲ့သို့ အာရုံခံတန်ဆောင်းကြီး ဆောက်လုပ်ခဲ့သောနှစ်ကို သမိုင်းမှတ်တမ်းတွင် မတွေ့ရှိရပေ။



(ငလျင်လှုပ်အပြီး ပြိုကျပျက်စီးခဲ့ရပုံ)

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြီးဒဏ်ကြောင့် တောင်မင်းကြီးဘုရား ဆင်းတုတော်ကြီး၏ ဦးခေါင်းတော်ကြီး ပြုတ်ကျရာ အရှေ့ညာဘက် ဂန္ဓကုဋိတိုက်တော်၏ တိုင်လုံးကြီးနှင့် ရိုက်ခတ်မိခဲ့သောကြောင့် အစိတ်စိတ်ဖြစ်ကာ တင်ပလ္လင်ခွေပေါင်တော်ကြီး၏ တစ်ဖက်လည်း ပြိုကျခဲ့ရသည်။ ဘုရားကြီးအဝင် စင်္ကြံလမ်းမကြီးအပါအဝင် (၁၈-၁၉ ရာစု) ရှေးဟောင်းသာသနိကအဆောက်အအုံများနှင့် အရံစေတီငယ်များပါ ပြိုကျပျက်စီးခဲ့ရသည်။

ထိုတောင်မင်းကြီးဘုရားမှာ ယခုဂေါပကအဖွဲ့လက်ထက်တွင် တံခွန်တိုင်များ၊ ဇရပ်ဆောင်များ၊ ခုနှစ်၊ နေ့နံဘုရား ဗောဓိညောင်ပင်တို့ဖြင့် စည်ပင်ဖွံ့ဖြိုးခဲ့သည်မှာ နှစ်များစွာပင်မကြာသေးပေ။ ယခု မန္တလေးငလျင်ကြီးဒဏ်ကြောင့် အမရပူရခေတ်လက်ရာ ကြီးလေးကြီးဘုရားတွင် တစ်ဆူအပါအဝင်ဖြစ်သော တောင်မင်းကြီးဘုရားမှာ ထိခိုက်ပျက်စီးမှုကြီးမားခဲ့သောကြောင့် ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့်အညီ ဆင်းတုတော်ကြီးကို မူလလက်ရာမပျက် ဆောင်ရွက်ပေးနိုင်သည့် ပညာရှင်များနှင့် ဆက်သွယ်ဆောင်ရွက်သွားရန် ဂေါပကအဖွဲ့မှ စီစဉ်လျက်ရှိသည်ဟု သိရသည်။

တစ်ချိန်က တောင်သမန်အင်းစောင်းရှိ မယ်ဇယ်(မည်စည်)ပင်တန်းများအကြားတွင် တည်ထားခဲ့သည် တောင်မင်းကြီးဘုရားကြီး (နေပူခံကိုယ်တော်ကြီး)သည် နှစ်ပေါင်း ၂၃၈ နှစ် ကြာခဲ့ပြီးသည့်တိုင် မြန်မာတို့၏ လက်ရာမြောက်သော ဗိသုကာပညာ တစ်စိတ်တစ်ပိုင်းကို ဖော်ညွှန်းပြသနေသော သမိုင်းသက်သေ ရှေးဟောင်းရုပ်ပွားတော်ကြီး တစ်ဆူဖြစ်သကဲ့သို့ သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုး၊ ရှေးဟောင်းတန်ဖိုးများနှင့် ပြည့်စုံသော ဆင်ဖြူဝန်ဘုရားကြီး၊ နေပူခံကိုယ်တော်ကြီး၊ တောင်မင်းကြီးဘုရားကြီးဟု ဘွဲ့တော်သုံးမျိုးဖြင့် ထင်ရှားခဲ့သည့် "တောင်မင်းကြီးဘုရားကြီး" ကို ရှေးမူလက်ရာအတိုင်း စနစ်တကျ ပြန်လည်တည်ဆောက်ပြီးစီးပါက ရှေးယခင်ကထက် ပိုမိုထင်ရှား တန်ခိုးတော်ကြီးမားလာမည်ဟု ယုံကြည်မိပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား** – **အမရပူရနှင့် နေပူခံကိုယ်တော်ကြီး(မောင်သာ၊ ရှေးဟောင်းသုတေသန)**
– **မြန်မာနိုင်ငံအလယ်ပိုင်းရှိ ထင်ရှားကျော်စောသော တန်ခိုးကြီးဘုရားများသမိုင်း (ဆရာဦးမြတ်လင်း)**
– **မန္တလေးငလျင်နှင့် တောင်မင်းကြီးဘုရား (Yangon Nation)**

**ခိုင်ခန့်(အမရပူရ)**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အမြို့မြို့အနယ်နယ်ရှိ စာစစ်ဌာနများတွင် အေးချမ်းစွာဖြေဆို



**မိတ္ထီလာ ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက စတင်ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ ၃၆၉၄ ဦး ဖြေဆိုခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ကျင်းပခဲ့ရာ မိတ္ထီလာမြို့နယ်တွင် စာစစ်ဌာနများဖြစ်သည့် အ·ထ·က(၁)၊ အ·ထ·က(၂)၊ အ·ထ·က(၃)၊ အ·ထ·က(၄)၊ အ·ထ·က(၅)၊ အ·ထ·က(၆)၊ အ·ထ·က (တောမ)၊ အ·ထ·က(ရေဝေ)၊ အ·ထ·က(အလည်ရွာ) စသည့် စာစစ်ဌာနကိုးခုဖြင့် ကျင်းပခဲ့ရာ မြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ၁၆၁၇ ဦး၊ ကျောင်းသူ ၂၁၀၄ ဦး၊ စုစုပေါင်း ၃၇၂၁ ဦးရှိရာ ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ၁၆၀၀ ဦး၊ ကျောင်းသူ ၂၀၉၄ ဦး၊ စုစုပေါင်း ၃၆၉၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၆၉)**

**ပြင်ဦးလွင် ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၌ ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအား စာစစ်ဌာနငါးခု ဖွင့်လှစ်၍ ဇွန် ၁၆ ရက် နံနက် ၉ နာရီတွင် မြန်မာစာဘာသာအား ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ဝင်ရောက်ဖြေဆိုလျက်ရှိရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ပြင်ဦးလွင်မြို့နယ်၌ စာစစ်ဌာနငါးခုတွင် စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၃၃၄၇ ဦးရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်အား ဝင်ရောက်ဖြေဆိုသူ ၃၃၀၉ ဦးနှင့် ပျက်ကွက် ၃၈ ဦး ရှိသည်။ **(အောက်ပုံ)**

ဖြေဆိုမှု ရာခိုင်နှုန်းမှာ ၉၈ ဒသမ ၈၆ ရာခိုင်နှုန်းဖြစ်ရာ ပျက်ကွက်ရာခိုင်နှုန်းမှာ ၁ ဒသမ ၁၄ ရာခိုင်နှုန်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**





**မတ္တရာ ဇွန် ၁၇**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဒုတိယအကြိမ် ပြန်လည်ဖြေဆိုခြင်းကို ဇွန် ၁၆ ရက်မှ စတင်၍ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ထီးတော်မိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ စာစစ်ဌာနတစ်ခု ဖွင့်လှစ်၍ ကျင်းပဖြေဆိုလျက်ရှိသည်။

မတ္တရာမြို့နယ်၌ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းထားသူ ကျောင်းသား ၆၅ ဦး၊ ကျောင်းသူ ၉၅ ဦး၊ စုစုပေါင်း ၁၆၀ ဦးရှိပြီး မြန်မာစာဖြေဆိုသည့်နေ့တွင် ကျောင်းသား ၆၄ ဦး၊ ကျောင်းသူ ၉၄ ဦး၊ စုစုပေါင်း ၁၅၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ဖြေဆိုမှု ရာခိုင်နှုန်း ၉၈ ဒသမ ၇၅ ရှိခဲ့ပြီး ကျောင်းသားတစ်ဦးမှာ ကျန်းမာရေး မကောင်းမွန်သည့်အတွက် မန္တလေးပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဖြေဆိုလျက်ရှိသည်။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သော လစ်ပို အချိုရည်ဘူးများအား မြို့နယ်တာဝန်ရှိသူများမှ ကျောင်းသား၊ ကျောင်းသူများအား ပေးဝေခဲ့ကြသည်။

ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲကို အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများမှ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

**မန္တလေး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ ၂၀၂၅ ခုနှစ် ဇွန် ၁၆ ရက်မှ စတင်၍ ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်။

မဟာအောင်မြေမြို့နယ်၌ ၂၀၂၅ ခုနှစ် ဇွန် ၁၆ ရက်မှ စတင်၍ ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်အား ဖြေဆိုမည့် အမှတ်(၁၃)အ·ထ·က စာစစ်ဌာန၌ ကျောင်းသား၊ ကျောင်းသူစာရင်းရှိ ၃၈၂ ဦး၊ ဖြေဆိုသူ ၃၇၅ ဦး၊ ပျက်ကွက်သူ ခုနစ်ဦး၊ အမှတ်(၂)အ·ထ·ကခွဲ စာစစ်ဌာန၌ ကျောင်းသား၊ ကျောင်းသူစာရင်းရှိ ၂၅၁ဦး၊ ဖြေဆိုသူ ၂၄၈ ဦး၊ ပျက်ကွက်သူ သုံးဦး၊ အမှတ်(၁၂)အ·ထ·ကခွဲ စာစစ်ဌာန၌ ကျောင်းသား၊ ကျောင်းသူစာရင်းရှိ ၁၃၃ ဦး၊ ဖြေဆိုသူ ၁၃၂ ဦး၊ ပျက်ကွက်သူတစ်ဦး၊ အမှတ်(၈)အ·ထ·ကခွဲ စာစစ်ဌာန၌ ကျောင်းသား၊ ကျောင်းသူ စာရင်းရှိ ၁၃၆ ဦး၊ ဖြေဆိုသူ ၁၃၀ ဦး၊ ပျက်ကွက်သူ ခြောက်ဦး၊ အမှတ်(၃)အ·ထ·က စာစစ်ဌာန၌ ကျောင်းသား၊ ကျောင်းသူစာရင်းရှိ ၁၅၁ ဦး၊ ဖြေဆိုသူ ၁၄၇ ဦး၊ ပျက်ကွက်သူ လေးဦး၊ စုစုပေါင်းစာရင်းရှိ ၁၀၅၃ ဦး၊ ဖြေဆိုသူ ၁၀၃၂ ဦး၊ ပျက်ကွက် ၂၁ ဦး ၉၈ ဒသမ ၀၁ ရာခိုင်နှုန်းရှိပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အေးချမ်းစွာဖြေဆိုလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**(အောက်ဝဲပုံ)**

**(၀၅၆)**



**မန္တလေး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ ရက်မှ စတင်ဖြေဆိုလျက်ရှိရာ ယနေ့နံနက် ၉ နာရီတွင် အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား၊ ကျောင်းသူများ စာဖြေဌာန အသီးသီးတွင် စိတ်အေးချမ်းသာစွာ ဖြေဆိုလျက်ရှိသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်ကာလကို ဇွန် ၁၆ ရက်မှ ဇွန် ၂၁ ရက်အထိ သတ်မှတ်ထားပြီး ချမ်းအေးသာစံမြို့နယ်တွင် စာဖြေဌာန လေးခုထားရှိကာ မြန်မာစာဘာသာဖြေဆိုရာတွင် စာရင်းရှိကျောင်းသား ၁၅၂၈ ဦး၊ ပျက်ကွက်ကျောင်းသား ၁၁ ဦး၊ ဖြေဆိုကျောင်းသား ၁၅၁၇ ဦး ဖြေဆိုခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ချမ်းမြေ့မောင်**



**ကျောက်ပန်းတောင်း ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများကို ဇွန် ၁၆ ရက် နံနက် ၉ နာရီမှ စတင်၍ ပြန်လည်ဖြေဆိုလျက်ရှိရာ မြန်မာဘာသာရပ်ကို ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၅၈၀ ဦး အေးချမ်းစွာ ပြန်လည်ဖြေဆိုလျက်ရှိသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် စာစစ်ဌာနလေးခု ဖွင့်လှစ်ထားရှိရာ အမှတ်(၁)အ·ထ·က (ပင်မ)စာစစ်ဌာန၊ အမှတ်(၁) အ·ထ·က (တိုးချဲ့)စာစစ်ဌာန၊ အ·ထ·က(ပုပ္ပား)စာစစ်ဌာန၊ အ·ထ·က(လက်ပန်ပျား) စာစစ်ဌာနများဖြစ်ပြီး တစ်မြို့နယ်လုံးအနေဖြင့် စာမေးပွဲ ပြန်လည်ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ကျောင်းသား ၆၁၄ ဦး၊ ကျောင်းသူ ၉၈၅ ဦး၊ စုစုပေါင်း ၁၅၉၉ ဦး အနက် ကျောင်းသား ၆၀၄ ဦး၊ ကျောင်းသူ ၉၇၆ ဦး၊ စုစုပေါင်း ၁၅၈၀ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိရာ ဖြေဆိုမှုရာခိုင်နှုန်းအနေဖြင့် ၉၈ ဒသမ ၈၁ ရှိကြောင်း သိရသည်။ **(အောက်ပုံ) (၄၅၆)**



**မြစ်သား ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊မြစ်သားမြို့နယ်တွင် Grade-12 တက္ကသိုလ်ဝင်တန်းစာမေးပွဲကို သတ်မှတ်စာစစ်ဌာနများတွင် ဇွန် ၁၆ ရက် နံနက် ၉ နာရီက မြန်မာစာဘာသာရပ်ကို ကျောင်းသား၊ ကျောင်းသူများ စတင်ဖြေဆိုလျက်ရှိသည်။

မြစ်သားမြို့နယ်တွင် Grade-12 တက္ကသိုလ်ဝင်တန်းစာမေးပွဲ ပြန်လည်ဖြေဆိုသည့် စာစစ်ဌာန သုံးခုရှိပြီး အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း စာစစ်ဌာနတွင် လာရောက်ဖြေဆိုသူ ကျောင်းသား ၁၁၆ ဦးနှင့် ကျောင်းသူ ၂၀၁ ဦး၊ စုစုပေါင်း ၃၁၇ ဦး၊ ကူမဲအခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် လာရောက်ဖြေဆိုသူ ကျောင်းသား ၂၁၀ ဦးနှင့် ကျောင်းသူ ၂၄၈ ဦး၊ စုစုပေါင်း ၄၅၈ ဦး၊ ရွာခိုင်ကြီး အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် လာရောက်ဖြေဆိုသူ ကျောင်းသား ၂၄ ဦးနှင့် ကျောင်းသူ ၄၀ ဦး၊ စုစုပေါင်း ၆၄ ဦးရှိပြီး စာစစ်ဌာနသုံးခုရှိ ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၈၃၉ ဦးတို့ ဖြေဆိုလျက်ရှိကြောင်းသိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)အစား ၄ က်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း(Campaign)နှင့် ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ဇွန် ၁၆ ရက် နံနက် ၇ နာရီက မြို့မဈေး အတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့များ၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ် (ကြွပ်ကြွပ်အိတ်) အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေး(Campaign)ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

(အောက်ပုံ)

နောင်နောင်(ဗိသနိုးမြေ)





# သဘာဝဘေးအသိပညာပေးဟောပြောခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ဒက္ခိဏသီရိမြို့နယ်၌ ငလျင်ဘေး၊ ရေဘေးအသိပညာပေးဟောပြောခြင်းနှင့်ဓာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်းကို ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်၊ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း ပညာရေတနာခန်းမ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒက္ခိဏသီရိမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးအောင်ရာဇာဖြိုးက ငလျင်ဘေး၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ကြုံတွေ့လာရပါက ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရန်၊ မိမိကိုယ်ကိုမထိခိုက်အောင် ကာကွယ်တတ်စေရန်၊ ဘေးအန္တရာယ်အမျိုးအစားအလိုက် ကာကွယ်ရမည့်နည်းလမ်းများနှင့် အန္တရာယ်ရှိ အဆောက်အအုံမှ ဘေးလွတ်ရာနေရာသို့ စနစ်တကျ ရှောင်တိမ်းတတ်စေရန် ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် အချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ငလျင်ဘေးနှင့် ရေဘေးဆိုင်ရာ ဓာတ်တိုက်လေ့ကျင့်ခန်းများ လက်တွေ့ပြုလုပ်ခြင်းများကို ဌာနဆိုင်ရာများ၊ ကြက်ခြေနီအသင်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# ပြင်ဦးလွင်မြို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**ပြင်ဦးလွင် ဇွန် ၁၇**

မူးယစ်တပ်ဖွဲ့စု(၁၆)(ပြင်ဦးလွင်မြို့)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ပြင်ဦးလွင်မြို့၊ ကန်တော်ကြီးအနီးတွင် အမျိုးသားနှစ်ဦးအား မူးယစ်ဆေးဝါးများနှင့် ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားသည်။

ဖြစ်စဉ်မှာ ဇွန် ၁၅ ရက် မွန်းလွဲ ၁နာရီက မူးယစ်တပ်ဖွဲ့စု(၁၆)မှ ရဲအုပ် သန်းကိုကိုလင်းနှင့်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကန်တော်ကြီးအနီး နန္ဒာလမ်းတွင် စောင့်ဆိုင်းနေစဉ် ပြင်ဦးလွင်အထွက် မြို့ရှောင်လမ်းဘက်သို့ ဦးကျော်ဦး မောင်းနှင်လာသော MDY/5U---LIFAN သုံးဘီးဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ဦးကျော်ဦး လွယ်ထားသည့် အပြာရောင်ဘေးလွယ်အိတ်အတွင်းမှ အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်များဖြင့်ထည့်လျက် WYစာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ သုံးထုပ်နှင့် ၁၀၀ ပါတစ်ထုပ်၊ စုစုပေါင်း ဆေးပြား ၇၀၀၊ အလေးချိန် ၆၃ ဂရမ်အား သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် မူးယစ်တပ်ဖွဲ့ဝင်များသည် ဦးကျော်ဦး၏ ထွက်ဆိုချက်ဖြင့် ရပ်ကွက်ကြီး(၅)ရှိ နေအိမ်အခန်းအား သွားရောက်ရှာဖွေရာမှ စတိုခန်းအတွင်း စားပွဲခုံအောက်တွင် သံဘူးခွံအတွင်း ပလတ်စတစ်အပြာရောင် ကပ်ခွာအိတ်များဖြင့်ထည့်လျက် WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ လေးထုပ်၊ စုစုပေါင်းဆေးပြား ၈၀၀၊ အလေးချိန် ၇၂ ဂရမ်အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ မူးယစ်တပ်ဖွဲ့ဝင်များသည် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ ဦးမျိုးသန့်စိုး နေထိုင်သည့် ရပ်ကွက်ကြီး(၆)၊ ချယ်ရီလမ်းဟောင်း၊ အခန်းအမှတ်(C-4)အား အသိသက်သေများနှင့် သွားရောက်စစ်ဆေးရာမူးယစ်ဆေးဝါးများနှင့် ပတ်သက်၍ တစ်စုံတစ်ရာမတွေ့ရသော်လည်း အခန်းအတွင်း၌ ဦးမျိုးသန့်စိုးအား မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြုသည့် နံပါတ်ပါဟန်းဆက်တစ်လုံးနှင့်အတူ ဖမ်းမိခဲ့သည်။

အဆိုပါမူးယစ်ဆေးဝါးများအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ ဦးကျော်ဦး(၃၆)နှစ်၊ ဦးမျိုးသန့်စိုး(၃၇)နှစ်တို့အား ပြင်ဦးလွင်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၅၇)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တာချီလိတ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီက တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ မယ်ဆိုင်ချောင်းဘေးရှိ မနှင်းနှင်းဝေ(ခ)သွန်းဝတီဖြိုး၏ နေအိမ်တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇,၄၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မနှင်းနှင်းဝေ(ခ)သွန်းဝတီဖြိုး(၁၉)နှစ်အား တာချီလိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## လွိုင်လင်မြို့နယ်၊ ပင်လုံမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဇွန် ၁၅ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်က လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ပန်မုန့်ကျေးရွာနေ အိုက်ခမ်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅,၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အိုက်ခမ်း(၅၃)နှစ်အား ပင်လုံနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မထိခိုက်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မျိုးချစ်စိတ်ဆိုရာမှာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးတဲ့စိတ်၊ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးကိုထိရင် မချိအောင်နာတတ်တဲ့စိတ်၊ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားမယ်ဆိုတဲ့စိတ်တို့ပဲဖြစ်တယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၆)သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်





**မန္တလေး ဇွန် ၁၇**

၂၀၂၅ ခုနှစ်၊ ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ အစိုးရနည်းပညာကောလိပ်ဝင်းအတွင်းကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဇွန် ၁၇ ရက်တွင် ကျရောက်သည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအား ကျင်းပခြင်းဖြစ်ပါကြောင်း၊ သဲကန္တာရဖြစ်ထွန်းနိုင်သည့်အခြေအနေများကို ကာကွယ်တားဆီးနိုင်ရေး၊ ဒေသတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးလုပ်ငန်းများကို တစ်ဦးချင်းမှစ၍ အစုအဖွဲ့အလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြဒေသ အလိုက် ဒေသခံပြည်သူလူထုအားလုံး တက်ကြွစွာ ပေါင်းစုပြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဆောင်၍ သတ်မှတ်နေရာတွင် အရိပ်ရအပင်အား စတင်စိုက်ပျိုးပေးပြီး တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက သတ်မှတ်နေရာ အသီးသီးတွင်အတူတကွ စိုက်ပျိုးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင်အရိပ်ရပင်များကို တပျော်တပါးစိုက်ပျိုးနေမှုများ၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြသထားသည့် ပိုစတာများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် တမာ၊ ခရေ၊ ငုရွှေဝါ၊ သပြေ၊ ဘူတ၊ စန္ဒကူး၊ ပိတောက်၊ ရင်းမာ၊ မယ်ဇယ်၊ စိန်ပန်း၊ မဲဇလီ၊ မန်ကျည်း၊ အာဆီယံသပြေ၊ ဝါး၊ မဟော်ဂနီ စသည့် သစ်မျိုး (၁၄)မျိုး၊ စုစုပေါင်း ပျိုးပင်ပေါင်း ၈၇၀ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ၂၀၂၆အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု(C) အဖွင့်ပွဲစဉ်တွင် မြန်မာအသင်း တာ့ခ်မင်နစ္စတန်အသင်းနှင့် စတင်ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဇွန် ၁၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု(C)ပွဲစဉ်များကို တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းက အဖွင့်ပွဲစဉ်တွင် တာ့ခ်မင်နစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာအသင်းသည် ၂၀၂၆ အာရှဖလားအမျိုးသမီးခြေစစ်ပွဲ အုပ်စု(C)တွင် ဘာရိန်း၊ တာ့ခ်မင်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်တို့နှင့် ကျရောက်လျက်ရှိသည်။ အုပ်စု (C) ပွဲစဉ်များကို လာမည့် ဇွန် ၂၉ရက်၊ ဇူလိုင် ၂ရက်၊ ၅ရက် တို့တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက် ခံကျင်းပပြီး ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု(C) အဖွင့်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၂၉ရက် ညနေ ၄ နာရီတွင် တာ့ခ်မင်နစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **(NGB)**

